# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၄၇)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း ၇ ရက် ၊ ၃–၅–၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း မိတ္ထီလာခရိုင်အတွင်းရှိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် အသစ်တည်ဆောက်လျက်ရှိသည့် ဓာတ်အားပေးစက်ရုံစီမံကိန်းများ သွားရောက်ကြည့်ရှုစစ်ဆေး





နေပြည်တော် မေ ၂

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာခရိုင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများသို့ သွားရောက်ပြီး မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှု၊ ပြန်လည်ပြုပြင်၍ ဓာတ်အားထုတ်လွှတ်ပေးနေမှုနှင့် အသစ်တည်ဆောက်လျက်ရှိသည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် တာဝန်ရှိသူများနှင့်အတူ သာစည်မြို့နယ်ရှိ Great Success Energy Co., Ltd ၏ သာစည်(၃၀)မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံသို့ ရောက်ရှိရာ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဓာတ်အားပေးစက်ရုံရှိ ရှင်းလင်းဆောင်တွင် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက သာစည်(၃၀) မဂ္ဂါဝပ်၊ သပြေဝ (၃၀) မဂ္ဂါဝပ်၊ သပြေဝ-၃(၃၀)မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံ တည်ဆောက်ထုတ်လုပ်မှုဆိုင်ရာအခြေအနေများ၊ ငလျင်ဘေးဒဏ်ကြောင့် စက်ရုံများရှိ ဆိုလာချပ်များ၊ Pile Cap Foundation များ၊ ဆက်သွယ်ထားသောကြိုးများနှင့် ဆက်စပ်ပစ္စည်းများ ထိခိုက်ပျက်စီးခဲ့မှု၊ လက်ရှိအချိန်ထိ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ ပြင်ဆင်ရန် ကျန်ရှိသည့် အခြေအနေများ၊ အမျိုးသား လျှပ်စစ်ကွန်ရက်(National Grid) နှင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ပို့လွှတ်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အသစ်တည်ဆောက်လျက်ရှိသော သာစည် (၄၀) မဂ္ဂါဝပ်နှင့် သပြေဝ (၄၀) မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံများနှင့် ပတ်သက်သည့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပြုပြင်ရန်ကျန်ရှိသည်များကို အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ကြရန်၊ အချိန်မရွေး ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်အတွက်လည်း ကြိုတင်မြော်တွေး၍ လိုအပ်နိုင်သည့် အရန်ပစ္စည်းများကို ကြိုတင်ထားရှိကြရန်၊ အသစ်တည်ဆောက်လျက်ရှိသော စီမံကိန်းများကိုလည်း သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် စက်ရုံဝင်းအတွင်း ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့မှု အခြေအနေများ၊ ဓာတ်အားထုတ်လုပ်မှု ထိန်းညှိခန်းအတွင်း နိုင်ငံတော် ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှု အခြေအနေများနှင့် အသစ်တည်ဆောက်လျက်ရှိသည့် သာစည်(၄၀)မဂ္ဂါဝပ် စီမံကိန်း တိုးချဲ့တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Natural Solar Power Co., Ltd ၏ သပြေဝ-၃(၃၀) မဂ္ဂါဝပ်နှင့် သပြေဝ (၃၀) မဂ္ဂါဝပ် နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံများသို့ သွားရောက်၍ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့မှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အား ပြန်လည်ထုတ်လုပ်ပေးနေမှု အခြေအနေများနှင့် အသစ်တည်ဆောက်လျက်ရှိသည့် သပြေဝ (၄၀) မဂ္ဂါဝပ် စီမံကိန်း လုပ်ငန်းခွင်အတွင်း Solar Panel များ တပ်ဆင်နိုင်ရန် တိုးချဲ့တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

မတ် ၂၈ ရက်က ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် သာစည်(၃၀) မဂ္ဂါဝပ်၊ သပြေဝ (၃၀) မဂ္ဂါဝပ်၊ သပြေဝ-၃(၃၀)မဂ္ဂါဝပ် နေရောင်ခြည် စွမ်းအင်သုံးဓာတ်အားပေး စက်ရုံ(၃)ရုံတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလျော့နည်းခဲ့သဖြင့် လျှပ်စစ်ဓာတ်အားပုံမှန်ထုတ်လုပ်နိုင်ရေး အမြန်ဆုံး ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ၈၀ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အား ပြန်လည်ထုတ်လုပ်၍ အမျိုးသား ဓာတ်အားကွန်ရက် (National Grid)အတွင်းသို့ ပို့လွှတ်လျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိသည့် လုပ်ငန်းများကိုလည်း အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်လျက်ရှိပြီး ရာနှုန်းပြည့်ပြန်လည် ထုတ်လွှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ မိုး/ဇလ

၂၀၂၅ ခုနှစ်၊ မေ ၃ ရက်၊ စနေနေ့။

မန္တလေး

## သင့်လျော်သည့် အလုပ်အကိုင်များ ရရှိစေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိ

၂၀၂၅ ခုနှစ် မေ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို မေ ၁ ရက် နံနက်ပိုင်းတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့သို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက ဖတ်ကြားပြီး အလုပ်သမား ကိုယ်စားလှယ်တစ်ဦးနှင့် အလုပ်ရှင်ကိုယ်စားလှယ်တစ်ဦးတို့က အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့နှင့် စပ်လျဉ်း၍ ဂုဏ်ပြုဆွေးနွေးပြောကြားခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုကျင်းပသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ(Job Fiar)အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အလုပ် သမားမှတ်ပုံတင်ကတ်ပြား(Labour Card) ပြုလုပ်ပေးနေသော အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အလုပ်လာရောက်လျှောက်ထားသူများ၊ ပြပွဲတွင် ပါဝင်ပြသသော စက်ရုံ၊ အလုပ်ရုံနှင့် ကုမ္ပဏီပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလုပ်သမားဝန်ကြီးဌာနသည် အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များ ရရှိစေရန် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိခံစားမှု လျော့နည်းကျဆင်းရေး စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်း၊ ပြည်ပတို့၌ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိစေရေးနှင့် ဘေးကင်းသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ လုပ်သားထု၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးရန် လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားပေးရေး၊ လူမှုဖူလုံရေးအာမခံအလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက် ရေး၊ အလုပ်သမားရေးရာ အငြင်းပွားမှုများကို သက်ဆိုင်ရာဥပဒေနှင့်အညီ ညှိနှိုင်းဖျန်ဖြေဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားရေးရာ သုတေသနလုပ်ငန်းများ ဆောင် ရွက်ရေးနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းပြုစုရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အလုပ်လုပ်နိုင်သော အသက်အရွယ်အပိုင်းအခြား အတွင်းရှိသူများကို ၎င်းတို့၏ အရည်အချင်း၊ ကျွမ်းကျင်မှုတို့နှင့်အညီ အလုပ်ရှင်၏ လိုအပ်ချက်နှင့် သင့်လျော်သည့် အလုပ်အကိုင်များ ရရှိစေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ငလျင်ဒဏ်သင့်ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




(အပေါ်ပုံ)

မန္တလေး မေ ၂

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးကြီးအတွင်း၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၅၄လမ်း၊ ၁၁၀ လမ်းနှင့် ၁၁၁လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်ကြီးရပ်ကွက်၊ အကွက်(၄၁)၊ ၂ လမ်း၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ ပြည်သူ့ဆေးရုံမြောက်ဘက်တွင်လည်းကောင်း၊ မေ ၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်၊ အကွက်(၅၄၉)၊ ၃၄လမ်း၊ ၈၅ လမ်းနှင့် ၈၆လမ်းကြား၊ မလွန်ရေတွန်းစက်ရုံဘေး၊ ချမ်းမြသာစည်မြို့နယ်၊ ဘဘ-၁၁၊ မြရည်နန္ဒာရပ်ကွက်၊ ၄၈လမ်းနှင့် ၄၉လမ်းကြား၊ ၁၁၄လမ်းတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

## ပွဲစားကုန်သည်စက်ပိုင်များ မဟာဘုံကထိန်တော်အသင်း(မန္တလေး)မှ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် အသင်းသားများကို ကူညီထောက်ပံ့ပေးသွားမည်

မန္တလေး မေ ၂

ပွဲစားကုန်သည် စက်ပိုင်များ မဟာဘုံ ကထိန်တော်အသင်း (မန္တလေး)မှ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် အသင်းသား ၇၈ ဦးကို ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့ရှိ ပဲ၊ ပြောင်း၊ နှမ်းရောင်းဝယ် ဖောက်ကားလျက်ရှိသော မန္တလေးကုန်စည်ဒိုင်မှ အသင်းဝင် ၁၈၉၅ ဦးရှိပြီး ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုဖြစ်ပွားခဲ့သော အသင်းသား ၇၈ ဦးကို မန္တလေးကုန်စည်ဒိုင်မှ ထောက်ပံ့လှူဒါန်းငွေကျပ် ၁၅ သိန်းခန့်ကို အနည်းဆုံးထားကာ မေလဆန်းပိုင်းတွင် ကူညီပေးသွားမည်ဖြစ်ကြောင်း အဆိုပါ အသင်းဥက္ကဋ္ဌ ဦးသက်တင်က မန္တလေးနေ့စဉ်ကို ပြောသည်။

"မန္တလေးငလျင်ကြီးကြောင့် အသင်းသား တော်တော်များများ ထိခိုက်မှုရှိခဲ့ပါတယ်။ လက်ရှိမှာ အသင်းကို ထိခိုက်မှုစာရင်းပေးသွင်းမှုအရ အသင်းသား ၇၈ ဦး ထိခိုက်ခဲ့ပါတယ်" ထိခိုက်မှုအနည်း အများအလိုက် ပြန်လည်ထူထောင်ရေးအတွက် အသင်းကြီးကနေ ကူညီထောက်ပံ့မှုတွေ ပြုလုပ်သွားမှာပါ။ ယခင်တုန်းကလည်း သဘာဝဘေးကြောင့် ထိခိုက်မှုများအတွက် အသင်းသား တစ်ဦးလျှင် ငွေကျပ် ၁၅ သိန်းထောက်ပံ့ပေးခဲ့ပါတယ်။ ယခုလည်း ဒီထက်မနည်း ကူညီထောက်ပံ့ပေးနိုင်အောင် ဆောင်ရွက်ပေးနေပါတယ်။ အသင်းရဲ့ ထောက်ပံ့မှုက ဆုံးရှုံးမှုဖြစ်ပွားခဲ့တဲ့ အသင်းသားများအတွက် ဖြေသိမ့်ပေးနိုင်သလောက်သာ ရှိပါတယ်။ ကူညီထောက်ပံ့မှုပေးရာမှာ နေအိမ်အဆောက်အအုံပြိုကျပျက်စီးမှုအဆင့်နှင့် ထိခိုက်ပျက်စီးမှုဆိုပြီး နှစ်မျိုးခွဲကာ ထောက်ပံ့ပေးသွားမှာပါ။ အသင်းရန်ပုံငွေအပြင် ကူညီထောက်ပံ့လှူဒါန်းတဲ့ ငွေများနဲ့ ကူညီပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

ပွဲစားကုန်သည် စက်ပိုင်များ မဟာဘုံ ကထိန်တော်အသင်း (မန္တလေး)မှ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် အသင်းသားများအတွက် တယ်ဟုမ်းကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးက ယွမ်ငွေ ၅၀၀၀၀ နှင့် ညီမျှသော မြန်မာငွေကျပ် ၂၉၄၁၁၈၀၀၊ တောင်တွင်းကြီး ဆက်သွားချောင်းမြို့နယ်ကုန်သည်ပွဲစားအသင်းက ရေသန့်ကတ် ၅၀၀ နှင့် မိုးကာအသေး ၁၅ ချပ်၊ ငွေကျပ် ၃၆၅၀၀၀၀ တို့ကို လာရောက်လှူဒါန်းပေးခဲ့သည်။




အသင်းကြီးအနေဖြင့် အသင်းရန်ပုံငွေနှင့်အတူ လာရောက် လှူဒါန်းသည့် စာနာမှုကူညီငွေများကို ငလျင်ဘေးသင့် အဆောက်အအုံပျက်စီးမှု လုံးဝပြိုကျပျက်စီးခြင်းနှင့် ပြန်လည်ပြုပြင်မွမ်းမံရမည့် အဆောက်အအုံဆိုပြီး နှစ်မျိုးခွဲခြားကာ မေလဆန်းပိုင်းတွင် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် မန္တလေးကုန်စည်ဒိုင်၌ ပဲ၊ ပြောင်း၊ နှမ်းရောင်းဝယ်မှုများကို အသင်းတိုက်ရှိရာနေရာတွင် ပုံမှန်အရောင်းဝယ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသည့် ဘုရား၊ စေတီများအား သွားရောက်ကြည့်ရှုစစ်ဆေး

## ပြိုကျပျက်စီးခဲ့သော ဘုရားများ၌ ဌာပနာရန် ဓာတ်တော်မွေတော်များ အနေကဇာတင်အခမ်းအနားကျင်းပ



**မန္တလေး မေ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနနှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မဟာဂန္ဓာရုံ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ တောင်မင်းကြီးဘုရား၊ ရွှေကူကြီးဘုရား၊ ပုထိုးတော်ကြီးဘုရားနှင့် တောင်သမန်ကျောက်တော်ကြီး ဘုရားများသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)၌ ကျင်းပပြုလုပ်သည့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော ဘုရား၊ စေတီများ၌ ဌာပနာရန် ဆင်းတုတော်၊ စေတီတော်၊ ဓမ္မစေတီတော်၊ ဓာတ်တော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရ အမှူးပြုသည့် ပါမောက္ခ / ဌာနမှူး ဆရာတော်ကိုးပါးတို့က ဆင်းတုတော်၊ စေတီတော်၊ ဓာတ်တော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင် လှူပူဇော်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပါမောက္ခချုပ် ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် ပါမောက္ခချုပ် ဆရာတော်ကြီးထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာ တရားနာယူ ကြည်ညိုကာ ရေစက်သွန်းချ၍ အမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမရပူရမြို့ မဟာဂန္ဓာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုလ္လာနန္ဒာဘိဝံသ ဆရာတော်ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်မင်းကြီးဘုရား၊ ရွှေကူကြီးဘုရား၊ မဟာဝိဇယရံသီပုထိုးတော်ကြီး၊ တောင်သမန် ကျောက်တော်ကြီး ဘုရားတို့ကို ကြည့်ရှုစစ်ဆေးပြီး အမရပူရမြို့၏ သမိုင်းဝင်ကြီးလေးကြီး ဘုရားများဖြစ်သည့်အတွက် စနစ်တကျ ပြုပြင်ထိန်းသိမ်းပေးရန် မှာကြားခဲ့ပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနေထိုင်ရန် တည်ဆောက်လျက်ရှိသည့် ဘာရှာများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများ နေထိုင်ရန်အတွက် တည်ဆောက်လျက်ရှိသည့် ဘာရှာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရန်အတွက် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း မိန်းဂိတ်ဝ ဘယ်/ညာရှိ အဆောင် (၁၊ ၂၊ ၃နှင့် ၄)တို့တွင် နှစ်ခန်းတွဲ ဘာရှာများ ဖွဲ့စည်းတည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အရည်အသွေး ကောင်းမွန်စေရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထို့နောက် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ Call Room ၌ ဂျူဒိုနှင့် ဂျူဂျစ်ဆု အားကစားနည်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျူဒိုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများကို လက်ခံတွေ့ဆုံပြီး လာမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအပြင် အနာဂတ်တွင်ဂျူဂျစ်ဆု အားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ညှိနှိုင်းပေါင်းစပ်ပြီး အားထည့်၍ ကြိုးပမ်းဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဂျူဒိုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ဂျူဒိုအားကစားအဆင့်အတန်း ပိုမိုမြင့်မား လာစေရန်နှင့် အောင်မြင်မှုဆုတံဆိပ်များ ရရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့ရိုးရာပန်းပညာ ၁၀ မျိုး အထိမ်းအမှတ် Block stamp အထူးထုတ်

## ၂၀၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချသွားမည်

**နေပြည်တော် မေ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာ့ရိုးရာပန်းပညာ ၁၀ မျိုး အထိမ်းအမှတ် Block stamp အထူးထုတ် ၂၀၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို မေ ၅ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်(တနင်္လာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာပန်း(၁၀)မျိုး



အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် မေ ၅ ရက်(တနင်္လာနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၂**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မိုး/ဧလ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဘိလပ်မြေစက်ရုံများ စက်စွမ်းအားပြည့် ပြန်လည်လည်ပတ်နိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် မေ ၂

ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပြည်တွင်းရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဘိလပ်မြေစက်ရုံအချို့ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါစက်ရုံများ စက်စွမ်းအားပြည့် ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် ကူညီဖြည့်ဆည်း ဆောင်ရွက်မှုများကို အပြည့်အဝပံ့ပိုးပေးရမည်ဖြစ်ကြောင်း၊ ပြင်းထန်သည့် မန္တလေးငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူများ၏ နေအိမ်/အဆောက်အအုံများ၊ စက်ရုံ/အလုပ်ရုံများ၊ လမ်းတံတားများ၊ ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ များစွာ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံ၊ သံမဏိစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် လိုအပ်သောသွင်းအားစုများ အပြည့်အဝရရှိရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။




ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ လအလိုက် ဘိလပ်မြေနှင့် သံ၊ သံမဏိ လိုအပ်ချက်များကို ခန့်မှန်း တွက်ချက်ထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘိလပ်မြေစက်ရုံများ၊ သံ၊ သံမဏိစက်ရုံများ၏ လအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မည့်အစီအမံများကိုလည်း ညှိနှိုင်းတောင်းခံထားရမည်ဖြစ်ကြောင်း၊ ဘိလပ်မြေစက်ရုံများနှင့် သံ၊ သံမဏိစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံတစ်ခုချင်းစီ၏ လိုအပ်ချက်များကို သိရှိအောင်ဆောင်ရွက်၍ အစွမ်းကုန် ဖြည့်ဆည်း ကူညီပေးရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ရှိပြီးအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြု၍ ပြည်သူများ၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းနိုင်ရေးအတွက် ကြိုတင်စီမံ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို မြန်ဆန်တိကျစွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့များဖွဲ့စည်း၍ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများနှင့်ပတ်သက်၍ စက်ရုံအလိုက် မှတ်တမ်းထားရှိပြီး ဘူမိဗေဒနှင့်သက်ဆိုင်သည့် သုံးသပ်ချက်များကိုလည်း ပြုစုမှတ်တမ်းထားရှိရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ပြည်တွင်း၌ ဘိလပ်မြေစက်ရုံများ၊ သံ၊ သံမဏိစက်ရုံများ၏ ထုတ်လုပ်မှုအခြေအနေ၊ ကုန်ကြမ်းသွင်းအားစုများ လိုအပ်မှုအခြေအနေများကို စက်ရုံများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့်အခြေအနေ၊ စက်ရုံအသီးသီး၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အလုပ်သမားဆေးရုံ(ရန်ကုန်) ကုသရေးလုပ်ငန်းတွင် လိုအပ်သည့် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများဖြည့်တင်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်

နေပြည်တော် မေ ၂

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ CMP စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ချန်းရီဖိနပ်ချုပ်စက်ရုံအား ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် MoU စနစ်ဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်မည့် လုပ်သားများ၊ မိမိအစီအစဉ်ဖြင့် ပြည်ပသို့သွားရောက်မည့် ကျွမ်းကျင်လုပ်သားများနှင့် ပြည်ပနိုင်ငံများမှ ခွင့်ပြန်လုပ်သားများအတွက် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC)အား တစ်နေရာတည်းတွင် ပြုလုပ်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ထားသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး Cashless စနစ်ဖြင့် OWIC ကတ်များ ထုတ်ပေးနိုင်ရေး တာဝန်ခံအရာရှိများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်္ဃန်းကျွန်းမြို့နယ်၌ ဖွင့်လှစ်ထားသော ပြည်ပတွင်သွားရောက်အလုပ်လုပ်ကိုင်ကြမည့် လုပ်သားများအတွက် အလုပ်ရှင်၊ အလုပ်သမားစာချုပ်အား တစ်နေရာတည်းတွင် စုစည်း၍ စာချုပ် ချုပ်ဆိုရန် ဆောင်ရွက်ပေးနေသည့် နည်းပညာ အထောက်အကူပြုရုံး(ရန်ကုန်)ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တာမွေမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဆေးရုံ(ရန်ကုန်)သို့ သွားရောက်ပြီး ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး ဆေးရုံအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန် ကုသရေးလုပ်ငန်းတွင် လိုအပ်သည့် ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်နှင့် လိုအပ်သည့် ဆေးဝါးများ ဖြည့်တင်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးပြီး အလုပ်သမားဆေးရုံကြီးအတွင်း ကုသဆောင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်ရောက်ကုသနေသော အာမခံအလုပ်သမားများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ (ဓါတ်ပုံ)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အလုံမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ ပင်မဆေးသိုလှောင်ရေးဌာနသို့ ကြည့်ရှုစစ်ဆေးပြီး ကုသရေးလုပ်ငန်းသုံး ဆေးရုံသုံးပစ္စည်းများ ထိန်းသိမ်းခြင်းနှင့် သက်တမ်းလွန်ဆေးများ မဖြစ်စေရန် လိုအပ်သည့် ဆေးရုံ၊ ဆေးခန်းများသို့ ဖြည့်တင်းပေးရေး လမ်းညွှန်မှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အကျုံးဝင်အာမခံအလုပ်သမား ၉၅၄၀၂၆ ရှိပြီး အဆိုပါအာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ရန်ကုန်အလုပ်သမားဆေးရုံကြီး၊ ထန်းတပင်အလုပ်သမားဆေးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၂၂ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ ဌာနကြီးဆေးခန်း ၁၉ ခန်း၊ Fee For Service Payment ဆေးခန်း ၄၂ ခန်း၊ Capitation Payment ဆေးခန်းငါးခန်းနှင့် မီးဖွားခြင်းနှင့်ဆိုင်သော ဆေးရုံ/ဆေးခန်း ၁၁ ခန်းတို့ဖြင့် ကျန်းမာရေး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နွေရာသီယဉ်ကျေးလိမ္မာသင်တန်းနှင့် ကွန်ပျူတာသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**မိုင်းယောင်း မေ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)တပ်ဦးကျောင်း၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းနှင့် ကွန်ပျူတာသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဘာသာ၊ သာသနာရေးအကြောင်း သိသင့်သိထိုက်သည်များ၊ စာရိတ္တနှင့် ပြည်သူ့နီတိဆိုင်ရာအကြောင်းအရာများ၊ (၃၈)ဖြာ မင်္ဂလာတရားတော်များ၊ ဗုဒ္ဓဝင် ဘုရားရှိခိုးနှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းသော စာမေးပွဲတွင် ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ထူးချွန်ဆုပေးအပ်ခြင်းနှင့် ကွန်ပျူတာသင်တန်းဆင်းလက်မှတ်ပေးအပ်ခြင်းကို ပြုလုပ်ခဲ့သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုထပ်မံချီးမြှင့်ပေးနိုင်ရေး နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရာစီ(ပြန်/ဆက်)**

၀-၀-၀-၀-၀

☆ စာမျက်နှာ ၂၄ မှ

တတိယဂိုး၊ ပွဲချိန်(၄၃)မိနစ်တွင် စုစုကြည်က စတုတ္ထဂိုးတို့ကို သွင်းယူပေးခဲ့ကာ ပထမပိုင်းကို ရန်ကုန်ယူနိုက်တက်အသင်းက ၄ ဂိုး၊ ၀ ဂိုးဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းမှ လူစားလဲမှုများစွာပြုလုပ်ခဲ့ပြီး လူစားဝင်လာသော ကစားသမားများမှာလည်း အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည်။ ပွဲချိန်မိနစ်(၆၀)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ပဉ္စမဦးဆောင်ဂိုး ရရှိခဲ့ပြီး ရှမ်းလဲ့နိုင်က အလွတ်တည်ကန်ဘောမှတစ်ဆင့် အကောင်းမွန်ဆုံး အဆုံးသတ်နိုင်ခဲ့သည်။ ထို့နောက် ရန်ကုန်ယူနိုက်တက်အသင်းက ပဉ္စမဦးဆောင်ဂိုးရရှိပြီး ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းအတွက် ဆဋ္ဌမဦးဆောင်ဂိုးကို (၆၄)မိနစ်တွင် လူစားဝင်ကစားသမား နန်းရတနာက ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းအနေဖြင့် လက်ရှိတွင် (၃)ပွဲကစား၊ (၂)ပွဲနိုင်၊ (၁)ပွဲရှုံး ရလဒ်ရရှိထားပြီး ရမှတ် (၆) မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၃)တွင် ရပ်တည်နေသည်။

ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်း၏ ပွဲစဉ်(၄)အား လာမည့် မေ ၆ ရက်တွင် Young Lionesses အသင်းနှင့် YUSC Stadium တွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(NGB)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ပဲ့ပါမင်းကျောင်းတိုက်၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ မြန်မာ့မီးရထား ဒီဖယ်စက်ခေါင်းစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ၎င်းစက်ရုံရှိ ယာယီရှင်းလင်းဆောင်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော စက်ရုံအလုပ်ရုံနှင့် မီးရထားဝန်ထမ်းအိမ်ရာအဆောက်အအုံများ ပျက်စီးမှုအခြေအနေများကို တာဝန်ရှိသူတစ်ဦးက Power Point ဖြင့် ရှင်းလင်းတင်ပြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်တွင် အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE) အဖွဲ့များက SOP အတိုင်း လိုက်လံစစ်ဆေးနေမှု ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် စက်ရုံဝင်းအတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော စက်ရုံအလုပ်ရုံနှင့် မီးရထားဝန်ထမ်းအိမ်ရာအဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး မီးရထားစက်ရုံဝင်းအတွင်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ကလေးငယ်များ ငလျင်ဒဏ်ကြောင့် စိတ်ဒဏ်ရာများ ပြေပျောက်စေရေးအတွက် ကလေးပျော်နေရာများ စီစဉ်ထားရှိမှုနှင့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ရွာထောင်ဘူတာတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ စကုမော် ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၊ ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်သင့် ပြည်သူများစောင့်ရှောက်ရေးစခန်းနှင့် နန်းဦးမြို့သစ်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းများသို့ သွားရောက်၍ စခန်းအတွင်း အပြင်းအထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးနေမှု၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေး စခန်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ သောတပန်ရပ်ကွက်ရှိ နှစ်ပေါင်း ၃၀၀ ခန့်ရှိ သမိုင်းဝင်စေတီတော်ကြီးတစ်ဆူဖြစ်သော လေးကျွန်းမာရ်အောင်မြတ်စွာဘုရားကြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ထီးတော်အား ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ရန်အတွက် စေတီတော်ကြီး၏အပေါ်မှ မြေသို့ပြန်လည်ပင့်ဆောင်နေမှုတို့ကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီ၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် သံပုဏ္ဏာရာမကျောင်းတိုက် ကျောင်းပရိဝုဏ်အတွင်း ငလျင်ဘေးသင့် သံဃာတော်များ၊ သီလရှင်များနှင့် ပြည်သူများအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပဲကတိုးရပ်ကွက်ရှိ စစ်ကိုင်းတက္ကသိုလ်၊ ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ပါမောက္ခများက Grade-12 ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၁၀၈၀ တို့ကို အနီးကပ်စခန်းသွင်း လေ့ကျင့်သင်ကြားနေမှုများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော အဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီနှင့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီများ၊ သောတပန်ရပ်ကွက်ရှိ သီရိရတနာ သီလရှင်ကျောင်းတိုက်နှင့် လူနေအဆောက်အအုံများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံ၊ အရန်စေတီများနှင့် ကျောင်းဆောင်အဆောက်အအုံတို့ကို ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE)အဖွဲ့များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့်အတူ ချမ်းအေးသာစံမြို့နယ်ရှိ ငလျင်ဒဏ်ထိခိုက်ခဲ့သော အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE) အဖွဲ့များက (SOP) အတိုင်း လိုက်လံစစ်ဆေးနေမှုများအား သွားရောက်ကြည့်ရှု၍ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အဆောက်အအုံပျက်စီးမှု အမြန်အကဲဖြတ်ခြင်း အစီအစဉ်များအတိုင်း မြေပြင်တွင် လိုက်လံစစ်ဆေးခြင်းရှိ/မရှိ အခြေအနေများအားလည်းကောင်း၊ အဆောက်အအုံအပျက်အစီးများအား စနစ်တကျကြည့်ရှု၍ ခန့်မှန်းတွက်ချက်ခြင်း၊ Level-1 အဆင့် စစ်ဆေးပြီး အဆောက်အအုံများအား သတ်မှတ်ခွဲခြားထားသည့် အရောင်များအတိုင်း အဆင့်သတ်မှတ်မှု အခြေအနေများအား လည်းကောင်း၊ စစ်ဆေးမှုလုပ်ငန်းစဉ်နှင့် အဆောက်အအုံအခြေအနေများကို သက်ဆိုင်ရာအိမ်ပိုင်ရှင်များအားသိရှိနားလည်စေရန် တာဝန်ရှိသူများက ရှင်းလင်းပြောဆိုမှုအခြေအနေများအား လည်းကောင်း ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်သို့သွားရောက်၍ ကျောင်းတိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့် မန္တလေးမြို့ မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ငလျင်ဒဏ် ထိခိုက်ခဲ့သည့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများအား အသိအမှတ်ပြု လက်မှတ်ရအင်ဂျင်နီယာ(PE) အဖွဲ့

စာမျက်နှာ ၆ သို့



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ ဈေးတန်းရပ်ကွက်ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံသုံးလုံး စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

# တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယအကြိမ် ပြန်လည်ဖြေဆိုခြင်းကို တရားမျှတမှုနှင့် ဂုဏ်သိက္ခာအတွက် အခွင့်အရေးအဖြစ် ကြိုးစားအားထုတ်ကြစေလို

နေပြည်တော် မေ ၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် လေ့ကျင့်သင်ကြားရေးစခန်းများဖွင့်လှစ်၍ တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများက ဘာသာရပ်ဆိုင်ရာသင်ခန်းစာများ အနီးကပ်သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များကို မှာကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းမြို့ စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအားလုံး ကိုယ်စီရည်မှန်းချက်များဖြင့် ကြိုးစားခဲ့ကြသူများဖြစ်၍ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယအကြိမ် ပြန်လည်ဖြေဆိုခြင်းကို တရားမျှတမှုနှင့် ဂုဏ်သိက္ခာအတွက် အခွင့်အရေးအဖြစ် သတ်မှတ်ကာ ကြိုးစားအားထုတ်ကြစေလိုပါကြောင်း၊ ယခုလာရောက်သင်ကြားပို့ချပေးသည့် တက္ကသိုလ် ပါမောက္ခ၊ ဆရာ ဆရာမများက အမှတ်ပေးစည်းမျဉ်းနှင့်ကိုက်ညီသော ဖြေဆိုနည်းများကို စနစ်တကျသင်ကြားပေးနေခြင်းဖြစ်၍ ကြိုးစားသင်ယူကြစေလိုပါကြောင်း၊ မိမိတို့ရည်မှန်းချက်များ အောင်မြင်စေရန် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆက်လက်ကြိုးစားကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား ပုံနှိပ်ဖတ်စာအုပ်၊ ဗလာစာအုပ်စသည့်သင်ထောက်ကူပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် သင်ကြားပို့ချပေးကြသည့် တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများအား ပြည်ထောင်စုဝန်ကြီးက ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျောင်းသားကျောင်းသူများ အောင်မြင်စွာဖြေဆိုနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစား သင်ကြားပေးကြစေလိုကြောင်း ပြောကြားကာ ချီးမြှင့်ငွေများကိုပေးအပ်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းသို့ သွားရောက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဇွန်လ ကျောင်းဖွင့်ချိန်အမီ ယာယီကျောင်းဆောင်များ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းများရှိ လေ့ကျင့်သင်ကြားရေးစခန်းများသို့သွားရောက်၍ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကချင်ပြည်နယ် ပူတာအိုခရိုင်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းဆောင်ရွက်

နေပြည်တော် မေ ၂

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်သည် ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) သည် မြန်မာနိုင်ငံ ရွေးကောက်ပွဲသမိုင်းတွင် ပထမဆုံးအသုံးပြုမည့် မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် မြန်မာနိုင်ငံသားများကိုယ်တိုင် တီထွင်ထားသော မဲပေးစက်ဖြစ်ကြောင်း၊ အဆိုပါ မဲပေးစက်အသုံးပြု၍ မဲပေးခြင်းဖြင့် ပယ်မဲဖြစ်ပေါ်မှုမရှိခြင်း၊ မဲရေတွက်ခြင်းအတွက် အချိန်ကြန့်ကြာမှုများ၊ ကိန်းဂဏန်း လွဲမှားမှုများကို ကျော်လွှားပြီး အချိန်တိုအတွင်း တိကျမှန်ကန်သည့်မဲရလဒ်များ ထုတ်ပြန်ဆောင်ရွက်နိုင်မည်ဖြစ်၍ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများကဲ့သို့ အငြင်းပွားဖွယ်ဖြစ်ရပ်များ၊ မဲမသမာမှုများ မရှိနိုင်တော့ဘဲ ပိုမိုပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ စစ်သည် ၂၂၀ ခန့်က လက်တွေ့ စမ်းသပ်မဲပေးခဲ့ကြသည်။

သတင်းစဉ်

*စာမျက်နှာ ၅ မှ*

များက SOP အတိုင်း လိုက်လံစစ်ဆေးနေမှု၊ ပျက်စီးမှုအဆင့်အတန်းအလိုက် POST EARTH-QUAKE ASSESSMENT သတ်မှတ်၍ ခွဲခြားထားသည့် အရောင်များအတိုင်း အဆင့်သတ်မှတ်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား အဆောက်အအုံပျက်စီးမှုများကို အကဲဖြတ်ခြင်းဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေး ရပ်ကွက်/မြို့နယ်အလိုက် လုပ်ငန်းတာဝန်များ ခွဲခြားပြီး အကဲဖြတ်ခြင်းဆောင်ရွက်မှုလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာ ပြီးမြောက်စေရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ နန်းမြို့ရိုးပတ်လည်တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း၊ မြို့ရိုးပတ်လည်ရှိ ပြကလေးပြာသာဒ်များတွင် မှန်ကင်းတိုင်များတည့်မတ်ခြင်း၊ ထီးတော်တည့်မတ်ခြင်းလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ရှေးမူမပျက် ပြန်လည်ထိန်းသိမ်းပြုပြင်နေမှုများကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ ရတနာဂီရိဂူကြီးတိုက်၊ အမရပူရမြို့နယ်ရှိ ပုံ့ပါမင်းကျောင်းတိုက်၊ အဟာဝီယရုံသီ ပုထိုးတော်ကြီး မြတ်စွာဘုရားနေရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက်ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ နန်းဦးဘုရား၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များစုပေါင်း၍ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော နန်းဦးဘုရားစေတီတော်အား ထပ်မံပြိုပျက်မှုမဖြစ်စေရေးအတွက် စတီးသံပတ်ကြိုးပတ်ခြင်း၊ အက်ကွဲသွားသော နေရာများမှ မိုးရေဝင်ရောက်၍ ပျက်စီးမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ပလတ်စတစ်စများဖြင့်ပတ်၍ မိုးရေလုံအောင်ပြုလုပ်ခြင်း စသည့်စေတီတော်ကြံ့ခိုင်မှုထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ မြင်းစိုင်းရပ်ကွက်ရှိ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယာယီရုံးပြောင်းရွှေ့ဖွင့်လှစ်နိုင်မည့်နေရာနှင့် ဝန်ထမ်းလိုင်းခန်းပြောင်းရွှေ့မည့်နေရာများစီစဉ်ပေးခဲ့ပြီး အဆောက်အအုံပျက်စီးဆုံးရှုံးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြသွားရန်၊ ယာယီရုံးဖွင့်လှစ်မည့်နေရာသို့ ဌာနပိုင်ပစ္စည်းများ အမြန်ရွှေ့ပြောင်းနိုင်ရေး ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ ဈေးတန်းရပ်ကွက်ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံသုံးလုံးကို စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများကို SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၅၃၃၅ လုံးကို စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ ၅၀၅၆ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၂၇၉ လုံးမှ အဆောက်အအုံ ၂၁၂ လုံးကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၆၇ လုံးရှိကြောင်း သိရသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်အသီးသီးမှ ဆရာ ဆရာမများက သင်ခန်းစာများ ပြန်လည်သင်ကြားလေ့ကျင့်ပေးနေမှုအခြေအနေများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၏ စားသောက်ရေးအဆင်ပြေစေရေးအတွက် နိုင်ငံတော်မှစီစဉ်ထောက်ပံ့ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ရွှေပေါက်ပင် ဘုန်းတော်ကြီးကျောင်း၌ အန္တရာယ်ရှိအဆောက်အအုံကို ဌာနဆိုင်ရာတာဝန်ခံများ၊ SOP ဘုတ်အဖွဲ့များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ သွားရောက်ဖူးမြော်

**မန္တလေး မေ ၂**

ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်တွင် သီတင်းသုံးတော်မူနေသည့် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော်ရှည်ဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်တို့သည် ယနေ့ နံနက်ပိုင်းက မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် အာဟာရဖြည့်စွက်စာများ ဆက်ကပ်လှူဒါန်းပြီး ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းလျှောက်ထားကာ သြဝါဒများ ခံယူ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ပြင်ဦးလွင်မြို့ အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) မှ တပ်မှူးချုပ် မျိုးသန့်နှင့် အထူးကုသမားတော်ကြီးများက ဆရာတော်ကြီး၏ ကျန်းမာရေးအတွက် လိုအပ်သည့် ဆေးစစ်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**











## ရာသီစာပဲညှောင့်များ ရှာဖွေရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေ ရရှိ

**နတ်မောက် မေ ၂**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ကျေးရွာအချို့တွင် သဘာဝအလျောက် ပေါက်ရောက်ကြသည့် သစ်ဥ၊ သစ်ဖု၊ အသီးအရွက်များဖြစ်သော ကြောင်လျှာသီး၊ မန်ကျည်းရွက်၊ ကုက္ကိုရွက်၊ ပေါက်ပန်းဖြူ၊ ပေါက်ပန်းနီ၊ ပေါက်ပွင့်၊ ပဲညှောင့် စသည့် ရာသီစာသီးနှံများ ရှာဖွေရောင်းချခြင်းဖြင့် မိသားစုအပိုငွေရရှိကြောင်း ရောင်းချသူများက ပြောသည်။



ကျေးလက်နေပြည်သူများသည် မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ပြီးချိန်တွင် သဘာဝအလျောက် ပေါက်ရောက်သည့် စားဖိုချောင်သုံးဟင်းသီးဟင်းရွက်များကို ရှာဖွေ၍ မိမိအိမ်ဟင်းစားနှင့် ပိုလျှံသည်များအား မြို့မဈေးသို့ တက်ရောက်ရောင်းချကြကြောင်း၊ ယခုအခါတွင် ဧပြီ ၂၉ ရက်က စတင်ရွာသွန်းသည့် မိုးကြောင့် ယာမြေထဲတွင် ကျန်ရှိတဲ့ မြေပဲများဟာ သဘာဝအလျောက် အညှောင့်များ ထွက်ရှိလာပါတယ်၊ ထွက်ရှိလာတဲ့ ပဲညှောင့်များကို ရှာဖွေကြပြီး မြို့မဈေးမှာ ရောင်းချကြပါတယ်၊ ပေါ်ဦးပေါ်ဖျား ပဲညှောင့်များကို ဝယ်ယူစားသုံးသူတွေကလည်း ကြိုက်နှစ်ကြပါတယ်၊ ပဲညှောင့်ကို မန်ကျည်းရွက်နဲ့ ရောနှောချက်ပြုတ်ကြသလို သီးသန့်လည်း ချက်ပြုတ်စားကြပါတယ်။ ဒေသခံများအနေဖြင့် မိုးရွာသွန်းပြီဆိုတာနဲ့ မြေပဲများ စိုက်ပျိုးထားသည့် ယာခင်းများထဲသို့ သွားရောက်၍ ပဲညှောင့်များ ရှာဖွေကြပြီး ရှာဖွေစုဆောင်းရရှိတဲ့ ပဲညှောင့်များကို မြို့မဈေးကို လာရောက်ရောင်းချကြပါတယ်" ဟု ရောင်းချသူတစ်ဦးက ပြောသည်။ **(ဝဲပုံ)မှူးမှူးစန်း**

## မြရည်နန္ဒာလူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေး)ရုံး၌ အခမဲ့ပြည်သူ့ဆေးခန်းဖွင့်လှစ်

**မန္တလေး မေ ၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၇ လမ်း၊ ၅၃ လမ်းနှင့် ၅၄ လမ်းကြားရှိ မြရည်နန္ဒာလူမှုကယ်ဆယ်ရေးအဖွဲ့ရုံးတွင် မေ ၁ ရက်က မြရည်နန္ဒာလူမှုကယ်ဆယ်ရေးအဖွဲ့နှင့် အဲယားကွန်း၊ အအေးခန်းလုပ်ကိုင်သူများ၊ ပြည်တွင်း၊ ပြည်ပ အလှူရှင်များ စုပေါင်းမှုဖြင့် စေတနာအခမဲ့ အရေးပေါ် ပြည်သူ့ဆေးခန်းကို ဖွင့်လှစ်ခဲ့သည်။

အခမဲ့ပြည်သူ့ဆေးခန်းကို အပတ်စဉ် ကြာသပတေးနေ့၊ သောကြာနေ့၊ စနေနေ့နှင့် တနင်္ဂနွေနေ့တွင် နံနက် ၈ နာရီမှ ၁၂ နာရီထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ သက်ဆိုင်ရာနေ့အလိုက် အထူးကုဆရာဝန်ကြီးများက ဆေးခန်းထိုင်ကာ လူနာများကို စစ်ဆေးကုသပေးမည်ဖြစ်၍ လူမျိုး၊ ဘာသာ မရွေး မည်သူမဆို အခမဲ့ လာရောက်ပြသကုသနိုင်ကြောင်း သိရပြီး ဆေးခန်းအတွက် ဆေးပစ္စည်းများနှင့် အလှူငွေများ ပါဝင်ကုသိုလ်ပြု လှူဒါန်းလိုပါက မြရည်နန္ဒာလူမှုကယ်ဆယ်ရေးအဖွဲ့ ဖုန်း ၀၉-၂၅၅၂၅၅၄၁၆၊ ၀၉-၆၆၃၃၉၉၈၉၈၊ ၀၉-၄၄၄၂၅၄၁၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကျော်မင်းသော်**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများက တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြန်လည်သင်ကြားပို့ချပေးမည့် ဆရာ၊ ဆရာမများအား ဘာသာရပ်အလိုက် သင်ခန်းစာများ အနီးကပ်သင်ကြားပို့ချပေးနေမှုများကို ကြည့်ရှုအားပေး

**မန္တလေး မေ ၂**

မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ ပြန်လည်ဖြေဆိုကြရမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရေးအတွက် သတ်မှတ်ထားသည့် ကျောင်းများ၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် အခြေခံပညာ ဆရာ၊ ဆရာမများက သင်ခန်းစာများကို အနီးကပ်သင်ကြားပို့ချပေးလျက်ရှိသည်။

ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများလိုက်ပါပြီး ပြင်ဦးလွင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ဒဂုံတက္ကသိုလ်နှင့် ဟသာ်တတက္ကသိုလ်တို့မှ ပါမောက္ခ(စာစစ်မှူးချုပ်)များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများက တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြန်လည်သင်ကြားပေးမည့် ဆရာ၊ ဆရာမများအား ဘာသာရပ်အလိုက် အနီးကပ်သင်ကြားပို့ချပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ကျောင်းသို့ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မတ်လ၌ ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဘာသာစုံဖြေဆိုထားသည့်ကျောင်းသား၊ ကျောင်းသူများ ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုရာတွင် တတ်မြောက်ပြီး ဘာသာရပ်အားလုံးကို အဆင်ပြေချောမွေ့စွာဖြင့် ဖြေနိုင်ရေး အနီးကပ်သင်ကြားပို့ချပေးနေမှုများ၊ ပြန်လည်သင်ကြားပေးမည့် ဆရာ၊ ဆရာမများအား အချိန်ကာလတစ်ခုအတွင်း မှန်ကန်ထိရောက်စွာ သင်ကြားပေးနိုင်ရန် သင်ကြားပို့ချပေးနေမှုများကို လိုက်လံကြည့်ရှုပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား မန္တလေးငလျင်ကြီးကြောင့် စိတ်နှလုံးထိခိုက်ကြေကွဲဖွယ်ရာများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း စိတ်သစ်ခွန်အားသစ်များဖြင့် အခက်အခဲအားလုံးကို ညီညီညွတ်ညွတ်ဖြင့် ကျော်ဖြတ်သွားကြရမည်ဖြစ်ပါကြောင်း၊ ပြန်လည်ဖြေဆိုခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူအားလုံး ဝင်ရောက်ဖြေနိုင်ရေးဝိုင်းဝန်းကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း အားပေးစကားများပြောကြားကာ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းနေမှုအား သွားရောက်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းနေသော မီးသတ်တပ်ဖွဲ့ဝင်များကို လိုက်လံနှုတ်ဆက်အားပေးစကားများပြောကြားကာ အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)











သတင်း-စာမျက်နှာ ၈









## အိမ်ဆောက်ပစ္စည်းဖိုးငွေများ၊ ဆန်ရိက္ခာဖိုးငွေများနှင့် အလှူပစ္စည်းများ ပေးအပ်

**သာစည် မေ ၂**

မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် သာစည်မြို့နယ်မှ ပျက်စီးခဲ့သော နေအိမ်များနှင့် မိသားစုဝင်များအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အိမ်ဆောက်ပစ္စည်းဖိုးငွေများ၊ ဆန်ရိက္ခာဖိုးငွေများနှင့် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော အလှူပစ္စည်းများပေးအပ်ပွဲကို မေ ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး လုံးဝပျက်စီးနေအိမ် ၄၄ အိမ်အတွက် နေအိမ်အမျိုးအစားအလိုက် ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့် နေအိမ် ၃၈ လုံး၊ ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် နေအိမ် ၆ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၄၄၁ လုံးအတွက် တစ်အိမ်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်း၊ နေအိမ်ပျက်စီး မိသားစုဝင် ၁၉၄၀ ဦးတို့အတွက် တစ်ဦးလျှင် ဆန်ရိက္ခာဖိုး ငွေကျပ် ၅၀၀၀ နှုန်းနှင့်



ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော အလှူပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးစိုးနှင့် သာစည်မြို့နယ်မှ တာဝန်ရှိသူများက သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ) (၄၈၇)

## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံ သွေးလှူဌာန၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မြို့နယ်မီးသတ်ဦးစီးဌာန၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါဆေးရုံ၌ ကျင်းပသည်။

သွေးလှူဒါန်းပွဲ အခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက သွေး ၃၆ ပုလင်းကို လှူဒါန်းခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်ဇေယျ၊ ခရိုင်လဝက ဦးစီးမှူး ဦးနိုင်ဝင်းကျော်၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ မြို့နယ်လဝကဦးစီးမှူး ဦးငွေဝင်းနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းတို့က ကြည့်ရှုအားပေးကြပြီး သွေးလှူဒါန်းသူများအား အစာအာဟာရနှင့် အားဖြည့်စားဖွယ်များ ပေးအပ်သည်။ ထို့နောက် စုပေါင်းသွေးလှူဒါန်းမှုအတွက် ခရိုင်မီးသတ်ဦးစီးမှူးထံသို့ သွေးလှူရှင်ဂုဏ်ပြုမှတ်တမ်းလွှာကို ခရိုင်ဆေးရုံအုပ်ကြီးက ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၄၅၃)




## နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများနှင့် အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများ ကွင်းဆင်းဆောင်ရွက်

**မန္တလေး မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်အတွင်း ငလျင်ဘေးသင့် ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် လိုရာပြည့် စုံရန်မျိုးလုံပေါ်တော်မူမြတ်စွာဘုရား ငါးဆူဝင်းအတွင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများနှင့် အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွင်းအတွင်း (၂၈-၃-၂၀၂၅)ရက်နေ့တွင် လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် ငလျင်ဒဏ်ဘေးသင့်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများကို ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ၁၄၁ ဦး၊ အသက် ၁၀ နှစ်ပြည့် ၆ ဦး၊ အသက် ၁၈ နှစ်ပြည့် ၇ ဦး စုစုပေါင်း ၁၅၄ ဦးအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်သည့်နေရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်၊ ခရိုင်ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်၊ မဟာအောင်မြေခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဝင်းရွှေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူများက ငလျင်ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ပြီး ဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူများနှင့် အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောင်ဇော်မင်း)

# မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း ပြင်ဦးလွင်မြို့တွင် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု၊ မြို့သန့်ရှင်းသာယာလှပရေး၊ မြို့ရေပေးရေးလုပ်ငန်းနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် မြို့ရေပေးရေးပိုက်လိုင်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

ပြင်ဦးလွင် မေ ၂

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့သို့ သွားရောက်၍ မြို့နယ်စည်ပင်သာယာရေး အဖွဲ့၏ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ၊ မြို့ရေပေးရေးလုပ်ငန်းနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် မြို့ရေပေးရေး ပိုက်လိုင်းများ အဆင့်မြှင့်တင် ဆောင်ရွက်ရန် ကိစ္စရပ်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် ပြင်ဦးလွင် မြို့အဝင် သာယာလှပရေးအတွက် လမ်းလယ်ကျွန်း၌ ရောင်စုံပန်းအလှပင်များ စိုက်ပျိုး၍ မြေယာရှုခင်း အလှပန်းခြံဆောင်ရွက်ထားရှိမှု WE LOVE PYIN OO LWIN ကြိုဆိုရေးဆိုင်းဘုတ်နှင့် လမ်းမကြီးဘေး ဝဲ၊ ယာ သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လမ်းဘေး ဝဲ၊ ယာရောင်စုံပန်းမျိုးစုံ စိုက်ပျိုးပြီးစီးမှုများကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့အဝင် မြို့ဦးစေတီထိပ်မှ အစိုးရဧည့်ဂေဟာ လမ်းတစ်လျှောက် ဘေးဝဲ၊ ယာ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းပြီး အလင်းဖွင့် ရှင်းလင်းဆောင်ရွက်ထားရှိမှုနှင့် လမ်းဘေးဝဲ၊ ယာ၌ ရောင်စုံပန်းအလှပင်များဖြင့် ပန်းဝိုင်းများ စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ခိုင်က လိုက်ပါရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ခဲလောင်းချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် နှင်းဆီလမ်းမှ စစ်မှုထမ်းဟောင်းအိမ်ရာအထိ စုစုပေါင်း အရှည် (၂၀၈၂)ပေရှိ ကျောက်ရိုးစီမြေထိန်းနံရံတည်ဆောက်ပြီးစီးမှုနှင့် ဘေးဝဲ၊ ယာ နှစ်ဖက်၌ အကျယ် (၁၂)ပေ×ထု(၆)လက်မစီရှိသော ကွန်ကရစ်လျှောက်လမ်းများ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာအရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။ မြို့တော်ဝန်က ခဲလောင်းချောင်း ရေစီးရေလာ ကောင်းမွန်စေရေး အတွက် အမှိုက်သရိုက်များ ပိတ်ဆို့မှုမရှိအောင် ဆောင်ရွက်ထားရှိမှု အစီအစဉ်နှင့် ချောင်းအတွင်းသို့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများမရှိအောင် ဆောင်ရွက်သွားရန်တို့ကို ဖြည့်စွက်မှာကြားခဲ့သည်။

ထို့နောက် မြို့တော်ဝန်သည် စန္ဒာလမ်းနှင့် ဂန္ဓမာပန်းခြံလမ်းဆုံရှိ ဂန္ဓမာပန်းဝိုင်းတွင် ရောင်စုံပန်းအလှပင်များ စိုက်ပျိုးဖြစ်ထွန်းရှင်သန်မှု အခြေအနေနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ ဇီဝကလမ်းနှင့် မန္တလေး-လားရှိုးလမ်းဆုံအနီး မြို့တော်ခန်းမ ပတ်ဝန်းကျင်၌ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ရောင်စုံပန်းအလှစိုက်ခင်းများနှင့် မြေလွတ်နေရာများ၌ မြက်ခင်းအလှပြုပြင်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည့် နေရာများ၌ ထပ်မံဖြည့်စွက် စိုက်ပျိုးပေးရန် မှာကြားခဲ့သည်။

ထို့မှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် မြို့နယ်စည်ပင်သာယာလှပရေးအဖွဲ့ ရုံးသို့ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ မြို့နယ်အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့က ပြင်ဦးလွင်မြို့ လက်ရှိ ရေပေးဝေရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ပြင်ဦးလွင်မြို့ရှိ ရပ်ကွက်ကြီး(၂၁)ခုတွင် လူဦးရေစုစုပေါင်း(၁၅၅၀၆၉)ဦး နေထိုင်လျက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မူလမြို့ပေါ်ရပ်ကွက်ကြီး(၁၀)ခုနှင့် တိုးချဲ့ရပ်ကွက်(၂)ခု စုစုပေါင်း(၁၂)ရပ်ကွက်နှင့် စစ်တက္ကသိုလ်(ပင်မဝင်း)၊ အဆင့်မြင့်စာပေပညာဗဟိုဌာနတို့ရှိ လူဦးရေစုစုပေါင်း (၁၀၂၁၇၇)ဦးတို့အတွက် နေ့စဉ် ရေဂါလန်(၆၂၀၀၀၀)ကိုသာပေးဝေနိုင်သည့်အတွက် မြို့ရေပေးဝေရေးမှာ (၃၂)ရာခိုင်နှုန်းသာ လွှမ်းခြုံပေးဝေနိုင်ကြောင်း၊ သို့ဖြစ်၍ တစ်မြို့လုံးအား ရေလုံလောက်စွာ ပေးဝေနိုင်ရန် ရေအရင်းအမြစ်ကောင်းစွာရရှိနိုင်မည့် ဆင်လမ်းဆည်မှ တပ်ဆင်ပြီး အသင့်ရှိနေသည့် အချင်း(၁၈)လက်မသံမဏိ ရေထုတ်ပြွန်လိုင်းမှ အချင်း(၁၂)လက်မ PVC ပိုက်လိုင်းဖြင့်(၄ ဒသမ ၈ မိုင်)ခန့်ဝေးသော DSA လိုင်းခွဲရုံသို့ ထပ်မံအဆင့်မြှင့်တင်တိုးချဲ့သွယ်တန်းတပ်ဆင်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က အဆင့်မြှင့်တင်တပ်ဆင်ပြီးစီးပါက မူလ ရေပေးဝေနိုင်မှု(၃၂)ရာခိုင်နှုန်း၊ ထပ်မံ၍(၆၀)ရာခိုင်နှုန်းအထိ မြို့နေလူထုအား ရေကောင်းရေသန့် ဖြန့်ဝေပေးနိုင်မည်ဖြစ်ရာ စုစုပေါင်း မြို့လူဦးရေ၏(၉၂)ရာခိုင်နှုန်းကို ပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ပိုက်လိုင်းများ ရပ်ကွက်များအတွင်းသို့ သွယ်တန်းတပ်ဆင်ဆက်သွယ်ရာ လမ်းကြောင်းတစ်လျှောက်ကို စနစ်တကျ မြေပြင်ကွင်းဆင်း စစ်ဆေး၍ ပုံစံထုတ်ရေးဆွဲရန် လိုအပ်ကြောင်းနှင့် စီမံကိန်းအမြန်ဆုံး စတင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









## ငလျင်ဘေးသင့်ပြည်သူများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် မေ ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်အတွင်း ငလျင်ဘေးကြောင့် အသက်ဆုံးရှုံးခဲ့သည့် ပြည်သူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ပုဗ္ဗသီရိမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်ကြည်က အဖွင့်အမှာစကားပြောကြားရာတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ပုဗ္ဗသီရိမြို့နယ်အတွင်း သဘာဝဘေး(ငလျင်)ကြောင့် သေဆုံးသွားသူများအား တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ၄၉ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၄၇ သိန်း ပေးသွားမည်ဖြစ်ပါကြောင်း၊ ပုဗ္ဗသီရိမြို့နယ်အတွင်း လာရောက်နေထိုင်ကြသော တိုင်းဒေသကြီး၊ ပြည်နယ်များမှ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက်လည်း ဖေဖော်ဝါရီလနှင့် မတ်လအတွက် တစ်ဦးလျှင် ငွေကျပ် လေးသောင်းနှုန်းဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ငလျင်ဘေးကြောင့် အသက်ဆုံးရှုံးခဲ့သည့် ပြည်သူများအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေကျပ် ၁၄၇ သိန်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ယာယီနေရပ်စွန့်ခွာ ပြည်သူ ၁၆၃၀ ဦးအတွက် ထောက်ပံ့ငွေကျပ် ၆၅၂ သိန်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ထောက်ပံ့ငွေများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





## ဓာတ်တော်ကျောင်းတိုက်တွင် ကျောင်းသားဗဟိုပြု ပရိယတ္တိသဒ္ဓမ္မပါလ နွေရာသီသင်တန်းဆင်းပွဲ ကျင်းပ

**လွိုင်လင် မေ ၂**

ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလမှ ဦးစီးကျင်းပသော ကျောင်းသားဗဟိုပြု ပရိယတ္တိသဒ္ဓမ္မပါလ ၄၅ရက် နွေရာသီသင်တန်းကို လွိုင်လင်မြို့ ဓာတ်တော်ပရိယတ္တိစာသင်တိုက်တွင် မတ် ၁၅ရက်မှ ဧပြီ ၂၇ ရက်အထိ သင်တန်းဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲကို ဧပြီ ၂၉ ရက် နံနက် ၇ နာရီက အဆိုပါစာသင်တိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယဒေါက်တာဘဒ္ဒန္တပညာနန္ဒ ဆရာတော်ကြီးက ဆီမီးထွန်းညှိ၍ နမောတဿသုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပြီး ဆရာတော်ကြီးထံက သြဝါဒခံယူကြသည်။ ထို့နောက် နွေရာသီသင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်းနှင့်ပတ်သက်၍ သင်တန်းနည်းပြဆရာတော်က ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသားများက သင်တန်းနှင့် ပတ်သက်သည့် အတွေ့အကြုံများကို အင်္ဂလိပ်၊ မြန်မာ၊ ရှမ်းဘာသာများဖြင့် ရှင်းလင်းပြောကြားခြင်း၊ သင်တန်းနည်းပြဆရာ၊ ဆရာမများကိုယ်စား ဆရာမတစ်ဦးက သင်တန်းနှင့် ပတ်သက်၍ အတွေ့အကြုံအခက်အခဲများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ နွေရာသီသင်တန်းတွင် ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် သင်တန်းပို့ချပေးသော ဆရာ၊ ဆရာမများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ ဒေါက်တာဘဒ္ဒန္တပညာနန္ဒက ချီးမြှင့်ပေးအပ်ပြီးနောက် သင်တန်းသား သာမဏေလေးပါးတို့က အင်္ဂလိပ်၊ မြန်မာ၊ ရှမ်းနှင့် ပါဠိဘာသာများဖြင့် ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။

ထို့နောက် သင်တန်းတွင် အလှူငွေရရှိမှု၊ သုံးစွဲမှုရှင်းတမ်းများကို တာဝန်ရှိသူများက ဖတ်ကြားကြပြီးနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြခြင်း၊ ဆရာတော်ကြီးအား ပြန်လည်ကန်တော့ခြင်းနှင့် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ ရုပ်သိမ်းလိုက်ပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ကျောင်းသားဗဟိုပြု ပရိယတ္တိသဒ္ဓမ္မပါလ ၄၅ ရက် သင်တန်းသို့ သင်တန်းသားသာမဏေ၊ သီလရှင် အပါး ၄၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**တောင်ကြီး မေ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း၌ ဧပြီ ၃၀ ရက် မွန်းလွဲ ၃ နာရီခွဲက ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားအသင်းများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက မြို့နယ်အသင်းများမှ အမျိုးသားမီတာ ၃၀၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး လှံတံပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ဖလားကို ဓနုခရိုင်အသင်းအားလည်းကောင်း၊ အမျိုးသား တံခွန်စိုက်ဖလားကို လင်းခေးခရိုင်အသင်းအားလည်းကောင်း၊ စုပေါင်းတံခွန်စိုက်ဖလားကို ဓနုခရိုင်အသင်းအားလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(အောက်ဝဲပုံ)

(၃၆၈)



## ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသော မြို့နယ်များရှိ ပြည်သူများအတွက် စိတ်လူမှုရေးပိုင်းဆိုင်ရာပံ့ပိုးခြင်းလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး မေ ၂**

ငလျင်ဒဏ်သင့်မြို့နယ်များရှိ ပြည်သူများအတွက် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနမှ စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ ဦးပွားဘုရားပရိဝုဏ်အတွင်းရှိ ယာယီစခန်းတွင် ဆောင်ရွက်ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းအင်အားပြင်းငလျင်သက်ရောက်မှုကြောင့် လူသေဆုံးထိခိုက်ဒဏ်ရာရရှိမှုများ၊ နေအိမ်များ ပြိုလဲပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ထိခိုက်ခံစားခဲ့ရသော မြို့နယ်များရှိ ပြည်သူများအတွက် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ပေးနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနမှ စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းဆောင်ရွက်ရန် ဖွဲ့စည်းထားသော လူမှုဝန်ထမ်းဦးစီးဌာနရုံးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ စိတ်လူမှုရေးပိုင်းဆိုင်ရာပံ့ပိုးခြင်းဆောင်ရွက်မည့်အဖွဲ့ဝင်များသည် ဧပြီ ၂၅ ရက်နေ့မှ စတင်၍ တိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် မြို့နယ်များသို့ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

(၀၉၃)

## တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ညောင်ဦး မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းတည့် ၁၂ နာရီ၌ ပြန်လည်ကျင်းပစစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။

၂၀၂၅ ခုနှစ် ဇွန်လတွင် ပြန်လည်ကျင်းပစစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးခရိုင်ပညာရေးမှူး ဦးကျော်ဝင်းက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် တက္ကသိုလ်ဝင် အဖြေလွှာများ ပျက်စီးသွားသည့်အတွက် ပြန်လည်ဖြေဆိုရမည့် ညောင်ဦးအတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ လွယ်လင့်တကူ ပြန်လည်ဖြေဆိုနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။

အဆိုပါ အစည်းအဝေးသို့ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦး၊ကျောက်ပန်းတောင်းစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ မြို့နယ်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးခရိုင်ပညာရေးမှူး နှင့် မြို့နယ်ပညာရေးမှူးများ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ စာစစ်ဌာန ခုနစ်ခုမှ ကျောင်းအုပ်ကြီးများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ တာဝန်ခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၈၁)



## လျှင်ဘေးသင့်ပြည်သူများကို စိတ်ပိုင်းဆိုင်ရာပြဿနာများအား ဖော်ထုတ်ပြုစုစောင့်ရှောက်ပေးခြင်း သင်တန်းပေး

**စစ်ကိုင်း မေ ၂**

စစ်ကိုင်းမြို့ နောက်ဆက်တွဲ ငလျင်ဒဏ်သင့်ပြည်သူများအတွက် စစ်ကိုင်းတောင်၊ သာသနာ့ဟိတကာရီကျောင်းတွင် ဧပြီ ၂၇ရက် နံနက်ပိုင်းက စိတ်ပိုင်းဆိုင်ရာ ပြဿနာများအား ဖော်ထုတ်ပြုစု စောင့်ရှောက်ပေးခြင်းသင်တန်း ပေးခဲ့ကြောင်း ဒေါက်တာမြင့်မြင့်သိန်း ကလေးအထူးကု ဆရာဝန်ကြီး(ငြိမ်း)ထံမှ သိရသည်။

သင်တန်းအတွက် ပါမောက္ခ ဒေါက်တာဉာဏ်ဝင်းကျော်၊ စိတ်ပညာဌာန ဌာနမှူး(ငြိမ်း)က ကျန်းမာရေးဌာနမှ ၂၀၀၈ တွင် ထုတ်ဝေသော လက်စွဲစာအုပ်ငယ်နှင့် Survey form များကို ကုသိုလ်ပြု အရောက်ပို့ပေးပြီး ဒေါက်တာဝါဝါမြင့် - clinical Psychology diploma, MP -ACounselor၊ ပါမောက္ခ ဒေါက်တာတင့်တင့်ကြည်-ဆေးပညာ(ငြိမ်း)နှင့် ဒေါက်တာမြင့်မြင့်သိန်းကလေးအထူးကုဆရာဝန်ကြီး(ငြိမ်း)တို့က စိတ်ပိုင်းဆိုင်ရာပြဿနာများကို သင်ကြားပေးကြသည်။

စစ်ကိုင်းငလျင်ဘေးသင့်ပြည်သူများအတွက် နောက်ဆက်တွဲ စိတ်ပိုင်းဆိုင်ရာ ပြုစုစောင့်ရှောက်ခြင်း အချိန်ပိုင်းသင်တန်းဖြစ်ပြီး သင်တန်းသားများသည် ဆရာဝန်များ၊ ဆရာမများ၊ စစ်ကိုင်းပရဟိတအဖွဲ့လေးဖွဲ့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၄၅ ဦး သင်တန်းတက်ရောက်ကြသည်။

သင်တန်းပေးပြီး နောက်ဆက်တွဲအဖြစ် Sagaing Use လူငယ်အဖွဲ့မှ ဒေါက်တာဉာဏ်ဝင်းကျော်ပို့ပေးသော Assessment form များဖြင့် ငလျင်သင့်ပြည်သူများထံ အိမ်တိုင်ရာရောက် မေးခွန်းများ မေးမြန်းကာ အဆင့်များခွဲ၍ ပြုစုစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

စစ်ကိုင်းမြို့တွင် ငလျင်ကူညီကယ်ဆယ်ပေးခြင်း၊ Dead Body ထုတ်ယူခြင်း၊ အဆောက်အအုံဖြိုဖျက်ခြင်း၊ ငလျင်သင့်ပြည်သူများအား ကူညီဆောင်ရွက်ပေးနေသည့် ရွှေမေတ္တာလူမှုကယ်ဆယ်ရေးအဖွဲ့သို့ ငွေကျပ် ၁၀ သိန်း၊ သုခကာရီအဖွဲ့သို့ ငွေကျပ်ငါးသိန်း၊ Sagaing Youth လူငယ်အဖွဲ့သို့ ငွေကျပ် ငါးသိန်းကို ဒေါက်တာမြင့်မြင့်သိန်း ဦးဆောင်သော ပြည်တွင်း၊ပြည်ပ အလှူရှင်များအဖွဲ့က လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၃၉၄)

## မိတ္ထီလာမြောက်ကန် ကန်ပေါင်ထိပ်ပြင်အက်ကွဲကြောင်းဖြစ်ခဲ့သောနေရာတွင် ကန်ပေါင်ကြံ့ခိုင်မှု ကြည့်ရှုစစ်ဆေး

**မိတ္ထီလာ မေ ၂**

မန္တလေးငလျင်ကြီးကြောင့် မိတ္ထီလာမြို့၊ မိတ္ထီလာမြောက်ကန် ကန်ပေါင်ထိပ်ပြင်အက်ကွဲကြောင်း ဖြစ်ပေါ်ခဲ့သောနေရာတွင် ကန်ပေါင်ကြံ့ခိုင်မှုအား မေ ၁ ရက် နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပြုပြင် ဆောင်ရွက်လျက်ရှိသည်။



"မိတ္ထီလာမြောက်ကန် ကန်ပေါင် ထိပ်ပြင်နေရာမှာ မြေကြီးအက်ကွဲကြောင်း ဖြစ်ပေါ်ခဲ့သော နေရာကို သဲကြပ်ခြင်း၊ မြေသိပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယမန်နေ့က မိုးသည်းထန်စွာ ရွာသွန်းတာကြောင့် အဲ့ဒီကန်ပေါင်ထိပ်ပြင်နေရာမှာ အက်ကွဲကြောင်း ပြန်ပေါ်တာပါ။ ဒီနေ့ နံနက်ပိုင်းမှာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနဲ့ တာဝန်ရှိသူတွေက ကန်ပေါင်ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လက်ရှိအခြေအနေအရ တမံရဲ့ ကြံ့ခိုင်မှုလည်း ကောင်းမွန်ပြီး လိုအပ်သည်များကို ဆက်လက် ဆောင်ရွက်သွားမှာဖြစ်တာကြောင့် တခြား စိုးရိမ်စရာအနေအထားမျိုး မရှိပါဘူး"ဟု မြို့နယ်ဆည်မြောင်းနှင့် မြေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထိန်က ပြောသည်။

အဆိုပါကန်ပေါင်နေရာအပြင် ရန်ကုန်-မန္တလေး ကားလမ်းမ၊ မိတ္ထီလာကန်ပေါင် နေရာတွင် မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့ရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ နေ့၊ ည စဉ်ဆက်မပြတ် ပြုပြင်ဆောင်ရွက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၅၃)

## ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မြစ်သား မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် အခြေခံပညာစက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းဝင်းအတွင်း၌ သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးကို ယမန်နေ့ နံနက် ၇ နာရီက အဆိုပါကျောင်းတွင် ဆောင်ရွက်သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ဆေးရုံမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက အခြေခံပညာစက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းဝင်းအတွင်းရှိ ချုံနွယ်များ၊ မြက်ပင်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်း ဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသော အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်များဖြင့် စနစ်တကျ စွန့်ပစ်ကြသည်။ **(ယာပုံ)**



အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူးဘိုဘိုအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးအောင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ ဆေးရုံအုပ်ကြီးဒေါက်တာဘုန်းမြတ်ကို၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

**ဝင်းမင်းထွန်း(မြစ်/ဆက်)**

## ယူရီးယားဓာတ်မြေသြဇာများ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေး

**နတ်မောက် မေ ၂**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင် တိုင်းဒေသကြီး အစိုးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဖြန့်ဖြူးပေးသည့် ယူရီးယားဓာတ်မြေသြဇာများကို တောင်သူများအား မြို့နယ်အဆင့် ဓာတ်မြေသြဇာဝယ်ယူဖြန့်ဖြူးရေးကော်မတီမှ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးရှေ့တွင် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နွားချေး၊ ဆိတ်ချေးများဖြင့် ရောနှောပြီး သဘာဝမြေသြဇာပြုလုပ်နည်းများကို ကျေးရွာအရောက်သွားရောက်၍ လက်တွေ့ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး သစ်စိမ်းမြေသြဇာပြုလုပ်ရန် ပိုက်ဆံလျှော်စိုက်ခင်းစိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ဒေသအတွင်း စိုက်ပျိုးသည့် စပါး၊ ချည်မျှင်ရှည်ဝါ၊ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဓာတ်မြေသြဇာဈေးနှုန်းကြီးမြင့်မှုမှ ကာကွယ်ရန်အတွက် စိုက်ပျိုးရေးတောင်သူများအား မြို့နယ်အဆင့် ဓာတ်မြေသြဇာ ဖြန့်ဖြူးရေးကော်မတီမှ ယူရီးယားဓာတ်မြေသြဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။



အဆိုပါ ယူရီးယားဓာတ်မြေသြဇာ ဖြန့်ဖြူးရောင်းချရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) **မူမူစန်း**

# ရေနန်းတော်

ရေနန်းတော်အကြောင်း မပြောမီ မြန်မာ့သမိုင်းနှင့် ရေပတ်သက်ပုံအကြောင်း စပြောကြည့်ရအောင်။ သမိုင်းမှာ ပေါ်ပေါက်ခဲ့တဲ့ ရှေးမြို့ဟောင်းကြီးတွေရဲ့ ၉၀ ရာခိုင်နှုန်းဟာ မြစ်နား၊ ချောင်းနားနီးတဲ့ နေရာမှာ တည်ရှိပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေးနဲ့ သောက်သုံးရေအတွက် အဓိကကျတဲ့အတွက်ကြောင့် ရေနဲ့နီးတဲ့နေရာကို ရွေးချယ်ခဲ့တာလို့ ပြောနိုင်ပါတယ်။ နောက်ပိုင်းရောက်တော့ အိန္ဒိယကတစ်ဆင့် ရောက်လာတဲ့ ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်မှုနဲ့ သူ့ကိုအခြေခံတဲ့ ယဉ်ကျေးမှုရှိလာတဲ့ အချိန်မှာတော့ ရေနဲ့ပတ်သက်ပြီး သင်္ကြန်ပွဲဆိုတာတို့၊ ခေါင်းဆေးမင်္ဂလာတို့ ဆိုတာတွေ တခမ်းတနား ကျင်းပကြကြောင်း ရာဇဝင်တွေထဲမှာ တွေ့လာရပါတယ်။ သို့သော် သင်္ကြန်ပွဲနဲ့ ခေါင်းဆေးမင်္ဂလာပွဲတွေဟာ ပုဂံခေတ်ကနေ ညောင်ရမ်းခေတ်အထိ ခေတ်အဆက်ဆက် ကျင့်သုံးခဲ့ကြပေမယ့် ရေနန်းတော်ဆိုတဲ့ ဝေါဟာရအသုံးအနှုန်းကိုတော့ ကုန်းဘောင်ခေတ်ဦး ဆင်ဖြူရှင်မင်းလက်ထက်ရောက်တော့မှ စာပေအနေနဲ့ရော ပုရပိုက်ဆွဲပုံအနေနဲ့ပါ စတင်ပြီး တွေ့ရပါတယ်။ ကုန်းဘောင်ခေတ်ကို စတင်တည်ထောင်ခဲ့တဲ့ အလောင်းမင်းတရားဟာ ငတပါးမင်းဖြစ်လေတော့ နန်းဓလေ့နဲ့ပတ်သက်ပြီး စနေမင်း၊ တနင်္ဂနွေမင်းနဲ့ မဟာဓမ္မရာဇာဓိပတိမင်း စတဲ့ ဘုရင်မင်းသုံးဆက်တိုင် ပညာရှိအမတ်အနေနဲ့ တာဝန်ထမ်းဆောင်ခဲ့တဲ့ အင်ရုံဝန်ကြီး သီရိဥဇနာရဲ့ လောကဗျူဟာကျမ်းခေါ် အင်ရုံစာတမ်းပါ အတွေ့အကြုံ အကြံဉာဏ်တို့ကို အခြေပြုခဲ့ရပါတယ်။ ဒါ့ကြောင့် ကုန်းဘောင်ခေတ်အစမှာ သင်္ကြန်နဲ့ ခေါင်းဆေးမင်္ဂလာပွဲတွေ ကျင်းပခဲ့သော်လည်း ရေနန်းတော်နဲ့ပတ်သက်တဲ့ အထောက်အထားကိုတော့ အထင်အရှား မတွေ့ရပါဘူး။

ဒီနေရာမှာ 'နန်း' ဆိုတာနဲ့ပတ်သက်ပြီး နည်းနည်းပြောပြချင်ပါတယ်။ ဘုရင်စံမြန်းတဲ့ နန်းရဲ့အဓိပ္ပာယ်က 'ကွန်း' ပါပဲ။ ကွန်းခိုရာပေါ့။ အဆောင်၊ အဆောက်အအုံနဲ့ သဘောတရားအတူတူပါပဲ။ သာမန်လူတွေနေတော့ အိမ်၊ ရဟန်းတော်များ သီတင်းသုံးတော့ ကျောင်း၊ သူတောင်းစားနေတော့ ဇရပ် စသဖြင့် အသုံးအနှုန်းပဲ ကွဲပြားခြားနားသွားတာ။ နေထိုင်တဲ့ အဆောက်အအုံဆိုတဲ့ သဘောကတော့ အတူတူပါပဲ။ ဖြည့်စွက်ရရင် ဘုရင်ဆိုတာ သက်ဦးဆံပိုင်လေ။ ဘုန်းကံကြောင့် ဘုရင်ဖြစ်တာလို့ အားလုံးက လက်ခံထားကြတော့ ကျန်တဲ့သူတွေနဲ့ မတူရလေအောင် အပြောအဆို၊ အသုံးအဆောင်ကစပြီး 'တော်' ထည့်သုံးကြရပါတယ်။ သူတို့ကိုယ် သူတို့ကျတော့ 'ကိုယ်တော်' လို့ သုံးပြီး ကျန်တဲ့သူတွေကျတော့ ကျွန်တော်တောင်မှ ရိုးရိုးမဟုတ်ဘူး။ ဆွေစဉ်မျိုးဆက်လို့ အဓိပ္ပာယ်ရတဲ့ 'ကျွန်တော်မျိုး' လို့ သုံးနှုန်းကြပါတယ်။ ဒီတော့ သူတို့စံမြန်းတဲ့ အဆောင်ကို အဆောင်တော်၊ အုပ်ချုပ်ရေးအတွက် မြေနန်းကို မြေနန်းတော်၊ ပွဲလမ်းသဘင်အတွက် ရေနန်းကို ရေနန်းတော်လို့ သုံးနှုန်းကြတဲ့ သဘောပါ။

ဆင်ဖြူရှင်ဟာ ဘုရင်ဖြစ်ပြီး ရွှေဘိုကနေ မဟာဗျူဟာအရ အကွင်းအကွက်ကျတဲ့ အင်းဝကို မြန်မာသက္ကရာဇ် ၁၁၂၅ မှာ ပြောင်းရွှေ့ပြုပြင် စိုးစံခဲ့ပါတယ်။ ပြုပြင်တဲ့အခါ ရှေ့မင်းတွေလို မူလစည်တိုပုံမြို့ကိုသာမက သူ့လက်ထက်မှာ ကျယ်ဝန်းလာတဲ့ အင်ပါယာနဲ့ ဖမ်းခေါ်လာတဲ့ သုံ့လူတို့အတွက် မဟာဓမ္မရာဇာဓိပတိလက်ထက်က တည်ဆောက်ခဲ့တဲ့ မြေမြို့ရိုးကို အနည်းငယ် ပြောင်းလဲမွမ်းမံပြီး အပြင်မြို့ကြီးကိုလည်း ၁၁၂၉ ခုနှစ်မှာ တိုးချဲ့ခဲ့ပြန်ပါတယ်။ ထူးခြားတာက မြို့တော်သစ်ကို ပြုပြင်တာ တိုးချဲ့တည်ဆောက်တာတွေအပြင် ဧရာဝတီနဲ့ ဒုဋ္ဌဝတီမြစ်ဆုံ သန်လျက်စွန်းမှာ ရေနန်းတော်ဆိုတာကို အရင်ခေတ်က မင်းတွေနဲ့မတူဘဲ အသစ်တည်ဆောက်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီရေနန်းတော်ဟာ စည်တိုပုံမြို့ ကျုံးရဲ့အပြင်ဘက် အရှေ့မြောက်ထောင့်မှာ တည်ရှိပြီး မြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လတ်ဆတ်အေးမြတဲ့ လေညင်းလေးကို လန်းဆန်းစွာခံစားရင်း မြောက်ဘက်ကြည့်လိုက်ရင် ဧရာဝတီမြစ်နဲ့ စစ်ကိုင်းတောင်ပေါ်က ထုံးဖွေးဖွေးစေတီ၊ ပုထိုးတွေ၊ အရှေ့ဘက်ကြည့်လိုက်ရင် ဒုဋ္ဌဝတီမြစ်နဲ့ စိမ်းစိုနေတဲ့



ဥယျာဉ်ခြံတွေလို အင်မတန်လှပတဲ့ ရှုခင်း၊ ရှုကွက်ကို ခံစားနိုင်တဲ့ နေရာကောင်းမှာ တည်ထားခဲ့တာလည်း ဖြစ်ပါတယ်။ တည်ဆောက်တဲ့အခါမှာလည်း ရေနဲ့ပတ်သက်တဲ့ ပွဲလမ်းသဘင်တွေအတွက် ခဏတာအသုံးပြုတဲ့ အဆောက်အအုံဆိုသော်လည်း မြေဝင်တသူ၊ ကျောရပ်တလံမှာ သစ် သားကြမ်းခင်းလို လက်ရမ်းတွေ ကာရံပြီး ခုံညားလှတဲ့ စမုခ်ဆောင်၊ နန်းပြာသာဒ်ဆောင်၊ ဝဲယာပွဲတက်ဆောင်၊ စနုဆောင်၊ ဇေတဝန် ဆောင် အပါအဝင် အဆောင်ဆောင်၊ အခန်းခန်းကို ကျွန်းတိုင်လုံး ကြီးတွေနဲ့ တည်ဆောက်ထားရုံသာမက ကြေးကွေးစိုင်ပေါင် တော်ရနောင် စတဲ့ အမွှမ်းအပြောက်များရုံ၊ ဒုယင်မှန်ကင်းအထွတ်တပ် ရွှေပိန်းချထားကာ ကြီးမားပြီး ဆင်ကပ်လှေကားအိမ်ပါတဲ့ သရက်ကင်း အုတ်လှေကားကြီးတွေ တပ်ဆင်ထားလို့ နန်းတော်အငယ်စားလေးသဖွယ် မှန်းဆခံစားနိုင်ပါတယ်။ သို့သော် မင်းမိဖုရားများစွာနဲ့ တိုင်းပြည်ကို စီမံခန့်ခွဲအုပ်ချုပ်ရာ ကျုံးမြို့ရိုးများ ကာရံထားတဲ့ အမြဲစံစားရာ အဆောင်တော်ပေါင်း ၇၀ ပါတဲ့ ရွှေနန်းတော်ကြီးလောက်တော့ မကြီးကျယ်ပါဘူး။

ဆင်ဖြူရှင်မင်းဟာ သူ့ရဲ့အသစ်ဆောက်ထားတဲ့ ရေနန်းတော်ဆောင်ကို အလွန်နှစ်သက်ခဲ့ပုံရပါတယ်။ ရေနဲ့ပတ်သက်တဲ့ ခေါင်းဆေးမင်္ဂလာ၊ သင်္ကြန်တော်၊ ရေခင်းသဘင်နဲ့ လှေတော်ပြိုင်ပွဲများအပြင် နောက်ပိုင်းမှာတော့ လွှတ်ဒုံးမီးရှူးပြိုင်ပွဲများကိုပါ ရေနန်းတော်မှ စံစားအားပေး ရှုစားတော်မူခဲ့တယ်လို့ အထောက်အထားများမှာ တွေ့ရပါတယ်။ ဆင်ဖြူရှင်(ခေါ်)မြေဒူးမင်းဟာ ၁၁၂၅-၁၁၃၈ ထိ နန်းစံ ၁၃ နှစ်ပဲ နန်းသက်ရှည်ပါတယ်။ သူဟာ ၁၁၃၀ ပြည့်နှစ်တုန်းက လှုပ်ခဲ့တဲ့ ငလျင်ကြောင့် ပြိုကျခဲ့တဲ့ ရွှေတိဂုံဘုရားကို ၁၁၃၇ ခုနှစ်မှာ ပြုပြင်လို့ ထီးတင်အပြီးမှာ မြစ်ကြောင်းကနေ အင်းဝကို ပြန်လာခဲ့ပါတယ်။ ဘုရားပြင်ဖို့ အသွားတုန်းကလည်း ရေနန်းတော်ကတစ်ဆင့် တပ်တော်များ အကြီးအကျယ် ပြင်ဆင်ပြီးမှ စုန်ခဲ့သလို အပြန်ကျတော့လည်း နန်းတော်ကြီးကို မဝင်ဘဲ ရေနန်းတော်မှာပဲ စံနေပါတယ်။ ထီးနန်းနဲ့ လုံခြုံရေးကို အမြဲအလေးထားတတ်တဲ့ ဘုရင်ဟာ လုံခြုံမှု အပြည့်ရှိတဲ့ နန်းတော်ကြီးမှာ မစံဘဲ ရေနန်းတော်မှာ စံနေခြင်းဟာ သိပ်ပြီးသတ္တိရှိသလို ရေနန်းတော်ကို ဘယ်လောက်အလေးထားတယ် ဆိုတာကို ပြလိုက်တာပါပဲ။ ရေနန်းတော်မှာ အကြာကြီးစံနေပြီး နတ်ပြည်မစံမီ တစ်ရက်အလိုမှသာ နန်းတော်ကြီးထဲကို ပြန်သွားခဲ့တယ် ဆိုတာကိုလည်း အထောက်အထားတွေအရ သိရပါတယ်။ ဆင်ဖြူရှင်ပြီးတော့ နန်းတက်တဲ့ သူ့သားတော် စဉ့်ကူးမင်း ကျပြန်တော့ ရေနန်းတော်မှာ ရေသဘင်ပွဲကို အကြာကြီး ကျင်းပခဲ့တာ သမိုင်းမှာ အမှတ်တရပါပဲ။ အဲ့ဒီလိုအပျော်အပါး၊ အသောက်အစားမက်ပြီး နန်းတွင်းအဝင်၊အထွက် စည်းကမ်းမရှိလို့ ဖောင်းကားစားက သူ့ဟန်ဆောင်ပြီး နန်းသိမ်းခဲ့တာပဲကြည့်ပါတော့။ စဉ့်ကူးမင်း ကို ဆက်ခံတဲ့ ဗဒုံမင်း(ခေါ်)ဘိုးတော်ကျတော့ အကြောင်းပြချက် မယ်မယ်ရရမရှိဘဲ အမရပူရကို ပြောင်းသွားခဲ့ပေမယ့် ရေနန်းတော် အစဉ်အလာကတော့ အမရပူရအထိ ဆက်လက်ပါသွားခဲ့ပါတယ်။ အမရပူရ-တမ္ပဝတီရပ်က စန္ဒာမုနိဘုရားအနောက်ဘက်မှာ အမရပူရရဲ့ ရေနန်းတော်ကို တည်ဆောက်လို့ အစဉ်အလာကို ဆက်ထိန်းခဲ့ပါတယ်။

ထိုနည်းတူ ဘိုးတော်ကို ဆက်ခံတဲ့ စစ်ကိုင်းမင်း(ခေါ်)ဘကြီးတော်လက်ထက်မှာ အင်းဝကို ပြုပြင်ပြီး မြို့တော်အဖြစ် ပြန်နန်းစိုက်ပါတယ်။ သူကတော့ ဆင်ဖြူရှင်ဆောက်ခဲ့တဲ့ ရေနန်းတော်ကို အဆောင်ငယ် ၂၀ လောက်နဲ့ နောက်ဆုံးပြန်လည် အသက်သွင်းလို့ တည်ဆောက်ခဲ့သူ ဖြစ်ပါတယ်။ ၂၈-၃-၂၀၂၅ နေ့မှာ လှုပ်ခဲ့တဲ့ ငလျင်ကြီးကြောင့် မြေအက်ကွဲကြောင်းကြားမှာ တွေ့တယ်ဆိုတဲ့ သရက်ကင်းအုတ်လှေကားကြီးဟာ ဘကြီးတော်ဘုရင်လက်ထက်က ဆောက်ခဲ့တဲ့ ရေနန်းတော်ရဲ့အရှေ့ဘက်လှေကားဖြစ်မယ်လို့ ခန့်မှန်းရပါတယ်။ အဲ့ဒီလိုပြောလို့ အခုငလျင်ပြီးမှ အသစ်တွေ့တာတော့ မဟုတ်ပါဘူး။ ၂၀၀၉ ခုနှစ်မှာ တံတားဦးက လုပ်ငန်းရှင်တစ်ဦး အုတ်ဖုတ်လုပ်ငန်းလုပ်ရာကနေ တောင်ဘက်လှေကားကြီးကို တွေ့ရှိသုတေသနပြု မှတ်တမ်းတင်ပြီးသားပါ။ အခုငလျင်အပြီး အရှေ့ဘက်လှေကားထပ်တွေ့လို့ ဘကြီးတော်လက်ထက် မှတ်တမ်းတင်ရေးဆွဲထားတဲ့ ပုရပိုက်အထောက်အထားနဲ့ ကိုက်ညီမှု ရှိ၊ မရှိ သေချာအောင်ရယ်၊ ပြည်သူတွေကြားမှာလည်း လူမှုကွန်ရက်ကနေ သတင်းသိပ်ပြန့်နေတာရယ်ကြောင့် စမ်းသပ်တူးဖော်နေခြင်း ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လက်ရှိ အင်းဝမြို့တွင်း မြေပြင်အနေအထားနဲ့ အခုရေနန်းတော်ရဲ့ သရက်ကင်းလှေကားတွေ့တဲ့ မြေပြင်အနေအထားဟာ တော်တော်ကွာခြားနေလို့ ဖြစ်နိုင်ခြေကို သုတေသနပြုတူးဖော်နေခြင်း ဖြစ်ပါတယ်။ သေချာခဲ့ရင်တောင် အဆောင်တွေကိုတော့ မတွေ့နိုင်တော့ပါဘူး။ ၁၂၀၀ ပြည့်နှစ် ငလျင်ကြီးကြောင့် ပျက်စီးခဲ့တဲ့ အင်းဝရွှေနန်းတော်ကြီးနဲ့ ရေနန်းတော်ကို အမရပူရမှာ ဘုရင် ဖြစ်နေတဲ့ ပုဂံမင်းလက်ထက် မြို့စာရေးမောင်ပိန်က အခွင့်ခံပြီး အားလုံးဖျက်ဆီးယူလို့ ၁၂၁၁ ခုမှာ တောင်သမန်အင်းကို ဖြတ်ပြီး တံတားဆောက်ခဲ့လို့ပါပဲ။

'ပူပြင်းလှတဲ့ နေရောင်ခြည်ဟာ အချို့သောအသီးတွေကို ကြွေကျသွားစေပေမယ့် အချို့အသီးတွေကိုတော့ ချိုမြသွားစေပါတယ်' ဆိုတဲ့ အဆိုလေးအတိုင်း အခုငလျင်ကြီးဟာ အမွေအနှစ်များစွာကို ဖျက်ဆီးခဲ့သော်လည်း အချို့သော အထောက်အထားအသစ်တွေကိုလည်း ဖော်ထုတ်ပေးခဲ့ပါတယ်။ ဥပမာ-အထက်အညာတစ်ခို အင်းဝ၊ အမရပူရ၊ ပလိပ်၊ ကျောက်ဆည်နဲ့ မန္တလေးဒေသတွေမှာ လုံးဝနီးပါး မတွေ့ခဲ့ရဖူးတဲ့ အချို့သော စေတီတော်တွေဟာ နှစ်ထပ်တွေ၊ သုံးထပ်တွေ ဖြစ်နေတာမျိုးပေါ့။ ဒါ သာမန်မဟုတ်ဖူးနော်။ သမိုင်းနဲ့ချီပြီး အရေးပါပြောင်းလဲသွားစေတယ်ဆိုတာ နောက်တစ်ခါ သီးသန့် ထပ်ရေးပါ့မယ်။ နောက်ပြီး လူတွေက စိတ်ဝင်စားမှုမြင့်အောင် ရေနန်းတော်ကိစ္စကိုပဲ ပြောနေကြတာ။ ဧရာဝတီမြစ်အနီးက မြေကျွံသွားတဲ့ အက်ကွဲကြောင်းကြီးထဲမှာ အင်းဝစည်တိုပုံမြို့ရိုးရဲ့ မြောက်ဘက်မျက်နှာက မာန်အောင်တံခါးရဲ့ ကျုံးကူးတံတား ကျုံးချဉ်းကပ်အုတ်ရိုးကြီး ပေါ်လာတာမျိုးကိုတော့ ဘယ်သူမှလည်း စိတ်မဝင်စားကြဘူး၊ မဖွကြဘူး။ အဲဒါကလည်း သမိုင်းမှာ အရေးပါတာပဲလေ။ အဆိုးထဲက အကောင်းလို့ပဲ ဖြည့်တွေး တွေးရတော့မှာပါ။

ရက္ခိတ(ရှေး/သု)

## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်



**သရက် မေ ၂**

မေလ ၅ ရက်တွင် ကျရောက်မည့်(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့ ကျက်သရေဆောင်ရွေးဟောင်း သတ္တဌာနဘုရားကြီး၏ သမိုင်းဝင်မြတ်ချမ်းသာစေတီတော်ဝင်းအတွင်း ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သရက်ခရိုင် မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး ဦးဆောင်၍ မြို့နယ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်များက သရက်မြို့ မြတ်ချမ်းသာစေတီတော်ဝင်းအတွင်းရှိ ဘုရား၊ ပုထိုး၊ စေတီများအား ရေသပ္ပာယ်ခြင်း၊ ပေါင်းမြက်၊ အမှိုက်များ ဆယ်ယူရှင်းလင်းခြင်း၊ ဘုရားရင်ပြင်တော်အား ရေဆေးကြောခြင်း စသည့် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**စော်ဝမ်းထွန်း(အောင်လံ)**

## မြကျိုင်းတောင်စေတီတော်တွင် စုပေါင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်

**ပျော်ဘွယ် မေ ၂**

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်မြေခဲ့သည့် ပျော်ဘွယ်မြို့၊ ပြည်သာယာရပ်ကွက်ရှိ မြကျိုင်းတောင်စေတီတော်အတွင်း စုပေါင်းရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၇နာရီက အဆိုပါစေတီတော်၌ ပြုလုပ်သည်။

မန္တလေးမြေငလျင်ကြီးကြောင့် ဉာဏ်တော်(၁၀၈)တောင်ရှိ စေတီတော်၏ထီးတော်မြေခခြင်း၊ စေတီအတွင်း တည်ထားကိုးကွယ်သည့် ဘုရားများပြိုကျပျက်စီးခြင်း၊ အရန်စေတီတော်များ ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ပြီး စေတီတော်အတွင်း စက်ယန္တရားများ ဝင်ရောက်ရန်ခက်ခဲခြင်းကြောင့် လူအင်အားဖြင့် စုပေါင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းဖြစ်သည်။



စုပေါင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူလူထုပူးပေါင်းပါဝင်သည့် အဖွဲ့များဖြင့် စုပေါင်းရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**

## အိမ်ခြံမြေအကျိုးဆောင်များဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်အဆင့် အိမ်ခြံမြေအကျိုးဆောင်များဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်အိမ်ခြံမြေအကျိုးဆောင်များဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုက ခရိုင်၊ မြို့နယ်အဆင့် အိမ်ခြံမြေအကျိုးဆောင် အသင်းများဖွဲ့စည်းနိုင်ရေး



နှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက အိမ်ခြံမြေအကျိုးဆောင်များဆိုင်ရာ ညွှန်ကြားချက်များ၊ အသင်းဝင်များလိုက်နာရမည့် အချက်များ၊ အခွင့်အရေးများ၊ အသင်းဝင်များ၏ အရည်အချင်းသတ်မှတ်ချက်များနှင့် စံပြလုပ်ငန်းစဉ်များအား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ အိမ်ခြံမြေအကျိုးဆောင်များက ဆွေးနွေးမေးမြန်းကြရာ သက်ဆိုင်ရာဌာနဆိုင်ရာများမှ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်ခရိုင်စီမံအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်၊ ကျောက်ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်၊ မြို့နယ်စီမံအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၄၈၁)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့မန္တလေး

## မေတ္တာရှင်များရဲ့ ပရဟိတနှလုံးသား

* လူ့ဘုံလောက နေထိုင်ကြစဉ်
လောဘ၊ ဒေါသ၊ မောဟ၊ ရာဂ
များလွန်းကြလျှင် ကမ္ဘာမြေကြီး
တဖြည်းဖြည်းနှင့် ပျက်စီးတတ်၏။

* ကိုယ်ကျင့်တရား ပျက်ပြားကြလျှင်
လေ၊ ရေ၊ မီး၊ မိုး၊ အစိုးမရ
ဖောက်ပြန်ကြကာ ချိန်ခါမရွေး
သဘာဝဘေးများ ကြုံတွေ့တတ်၏။

* မြန်မာနိုင်ငံ တစ်နံတစ်လျား
အမျိုးသား သဘာဝဘေးအန္တရာယ်
အသွယ်သွယ်တွေ တွေ့ကြုံခံစား
အင်အားပြင်းထန် ငလျင်ကြီး
လှုပ်ခတ်ခဲ့သည်။

* ဘုရား၊ စေတီ၊ ပုထိုးများစွာ
အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာ
တိုက်တာ၊ တံတား၊ ကျောင်းလမ်းများစွာ
ကြေမွပျက်သုဉ်း ဆုံးရှုံးနစ်နာခဲ့ကြသည်။

* လူသားအချင်းချင်း ရိုင်းပင်းကူကာ
စာနာထောက်ထား စေတနာထားလျက်
ငွေအား၊ လူအား၊ မေတ္တာအားနှင့်
စွမ်းအားရှိသမျှ ပံ့ပိုးကူညီခဲ့ကြသည်။

* ပြည်ထောင်စုဖွား တို့သွေးသားများ
ဗြဟ္မစိုရ်တရား လက်ကိုင်ထားကာ
ပရဟိတ နှလုံးသားနှင့်
အများအကျိုး သယ်ပိုးထမ်းရွက်ခဲ့ကြသည်။

* မည်သည့်အချိန် မည်သည့်နေရာမှ
လှုပ်ခတ်လာမည် ခန့်မှန်းမရ
ဒေါသခက်ထန် ငလျင်အန္တရာယ်
ကြိုတင်၊ စီမံ၊ ပြင်ဆင်၊ သတိရှိရမည်။ ။

**မိုးထက်ကို(အမရပူရ)**





## အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များနှင့် စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိရန် လိုက်လံစစ်ဆေး

**နတ်မောက် မေ ၂**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၌ အများပြည်သူ စားဝတ်နေရေး အဆင်ပြေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် မြို့ပေါ်ရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်နှင့် စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေးအတွက် ယမန်နေ့က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက လိုက်လံစစ်ဆေးခဲ့ကြသည်။

ထိုသို့ လိုက်လံစစ်ဆေးကြရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ သက်ဆိုင်ရာဌာနများပူးပေါင်း၍ နတ်မောက်မြို့ပေါ်ရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များနှင့် စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များ၌ ရည်ညွှန်းသတ်မှတ်ဈေးနှုန်းများထက် မြင့်တင်ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်း ရှိ၊ မရှိ၊ ကုန်ပစ္စည်းပြတ်လပ်မှုရှိ၊ မရှိနှင့် တရားဝင်မှတ်ပုံတင်ဖြန့်ဖြူးရောင်းချထားသော အိမ်ဆောက်ပစ္စည်းများ ကုန်ညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားမှုရှိ၊ မရှိတို့ကို လိုက်လံစစ်ဆေးခဲ့သည်။ ထို့နောက် အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်ပိုင်ရှင်နှင့် ဝန်ထမ်းများအား ကုန်ပစ္စည်းများဖြန့်ဖြူးရောင်းချရာတွင် အကျိုးအမြတ်ရရှိရေးထက် ဈေးနှုန်းတည်ငြိမ်ရေးကို အလေးထားဆောင်ရွက်ရေး၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များ၊ တားမြစ်ချက်များနှင့် ပြစ်ဒဏ်များ စသည့် အကြောင်းအရာများကို အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၄၆၅)

# ဂရုစိုက်စောင့်ရှောက်ရမည့် မျက်စိ၊ နားနှင့် သွားကျန်းမာရေး

**မျက်စိ**

မျက်စိသည် အံ့သြဖွယ်ရာကောင်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သည်။ မိမိမြင်လေသမျှသော အရာအားလုံးတို့ကို ရုပ်ပုံပြုလုပ်ပြီး မျက်စိ၌ရှိသော အာရုံကြောတို့က ရုပ်ပုံများအကြောင်းကို ဦးနှောက်အား ပြောကြားကြ၏။ မျက်စိတို့မှာ ထိလွယ်၊ ရှလွယ်သောကြောင့် မျက်ခွံ၊ မျက်ခုံးမွေး၊ မျက်တောင်မွေးတို့ဖြင့် ကောင်းစွာ ကာကွယ်စောင့်ရှောက်ထား၏။

လူသားတို့အတွက် မျက်စိသည် မရှိမဖြစ်အရေးပါသည်။ မျက်စိမမြင်တော့လျှင် လူ့အနှဘာလဖြစ်သွားပါလိမ့်မည်။ ထို့ကြောင့် မျက်စိထိခိုက်ခြင်း၊ အနာဖြစ်ခြင်းတို့မှ ကာကွယ်ရန် အောက်ပါအချက်များကို ဂရုစိုက်လိုက်နာသင့်လှသည်-

၁။ အလင်းရောင်ကောင်းမွန်စွာ မရသော နေရာ၌ စာရေး၊ စာဖတ်ခြင်း၊ ပန်းထိုးခြင်းတို့ မပြုသင့်ပါ။

၂။ စာဖတ်သောအခါ အလင်းရောင်ဘက်သို့ မျက်နှာပြု၍ မထိုင်ပါနှင့်။ အလင်းရောင်သည် လူနောက်ပခုံးပေါ်မှ ကျော်လွန်၍ ထွန်းလင်းပါစေ။

၃။ စာဖတ်သောအခါတွင်ဖြစ်စေ၊ ကပ်၍ကြည့်ရသောအလုပ်ကို လုပ်သောအခါတွင်ဖြစ်စေ၊ မျက်စိကို မကြာခဏအနားပေးရမည်။ မျက်စိကို ခဏမှိတ်ထားပါ (သို့မဟုတ်) ပြတင်းပေါက်မှ ဝေးသော နေရောင်မတောက်ပသည့် အပြာရောင်မိုးကောင်းကင်ကိုဖြစ်စေ၊ အစိမ်းရောင်သစ်ပင်၊ သစ်ရွက်များကိုဖြစ်စေ ခေတ္တခဏကြည့်ပါ။

၄။ မျက်စိထဲသို့ ဖုန်မှုန့်ဖြစ်စေ၊ အခြားအမှိုက်တစ်ခုခုဖြစ်စေ ဝင်သွားပါက မျက်စိကို မပွတ်ပါနှင့်။ သန့်ရှင်းသောရေဖြင့်ဖြစ်စေ၊ ဆားရည်ဖြင့်ဖြစ်စေ ဆေး၍ ထုတ်ပစ်ပါ။

၅။ အခြားသူများသုံးသည့် မျက်နှာသုတ်ပဝါ၊ ကိုယ်သုတ်ပဝါတို့ကို အသုံးမပြုပါနှင့်။ ဤပစ္စည်းများကို အသုံးပြုသောသူတို့၌ မျက်စိနာရှိကောင်းရှိမည်ဖြစ်၍ သင့်ကို ကူးစက်စေလိမ့်မည်။

၆။ မီးခိုးသည် မျက်စိကို များစွာဥပဒ်ပေးတတ်သဖြင့် ထင်း၊ မီးသွေးသုံးသည့် မီးဖိုဆောင်တွင် မီးခိုးများ အလွယ်တကူ ထွက်သွားစေရန် လေထွက်ပေါက်များ၊ မီးခိုးခေါင်းတိုင်များ ထားရှိသင့်သည်။

**နား**

နားသည် လူသားတို့အတွက် မရှိမဖြစ်အရေးပါသည်။ နားမကြားပါက ဆွံ့အ၊ နားမကြားသူ ဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် နားကို နားကိုက်ခြင်း၊ နားပြည်ယိုခြင်းများမဖြစ်စေရန် ဂရုစိုက်စောင့်ရှောက်ကြရမည်။ အောက်ပါအချက်များသည် နားကျန်းမာရေးအတွက် လိုက်နာဆောင်ရွက်ကြရမည့် အရေးကြီးအချက်အလက်များဖြစ်သည်-

၁။ နားအတွင်းမှ နားဖာချေးသည် အလွန်ခါးသဖြင့် အမှတ်တမဲ့ ပိုးသန်းဝင်ရောက်လာခြင်းမှတစ်ပါး မည်သည့်ပိုးမွှားမျှ တမင်သက်သက် မဝင်ရောက်နိုင်ကြပေ။ နားမွေးများသည် ပိုး၊ အမှိုက်၊ ဖုန်တို့ နားထဲ မဝင်နိုင်အောင် ကာကွယ်ပေးကြသည်။

၂။ နားထဲသို့ ပိုးငယ်တစ်ကောင်ဝင်ရောက်နေခဲ့ပါက နွေးနွေးသော နှမ်းဆီဖြစ်စေ၊ သန့်ရှင်းသော အခြားဆီဖြစ်စေ နားထဲသို့ အစက်ချပေးပါ။ သို့ဖြင့် နားထဲမှ ပိုးကောင်ထွက်လာစေလိမ့်မည် (သို့မဟုတ်) သေသွားစေလိမ့်မည်။ နောက်မှ ရေနွေးကို ပြွန်တံငယ်တွင် ထည့်လျက် နားကို ပက်ဖျန်းလျက် ဆေးကြောရမည်။

၃။ နှပ်ကို ပြင်းထန်စွာ ညှစ်မထုတ်ပါနှင့်။ ဤသို့ပြုလျှင် နှာခေါင်းနှင့် လည်ချောင်းထဲမှ ပိုးမွှားများ နားထဲရောက်ပြီး နားပင်းသည်အထိ ဆိုးဝါးသွားစေပါလိမ့်မည်။

၄။ ကလေးများအား ဆုံးမရာတွင် နားကို ဘယ်သောအခါမှ မရိုက်ရပါ။ ဤသို့ ရိုက်ပုတ်လျှင် နားကို အန္တရာယ်ဖြစ်စေပြီး နားပင်းသည်အထိ ဖြစ်သွားစေနိုင်သည်။

**သွား**

သွား၏ တာဝန်မှာ အစာကို ကြေညက်စွာ ဝါးခြင်း၊ တံတွေးနှင့် ရောထွေးလျက် ကြေညက်အောင်ကြိတ်ဝါးပေးပြီး အစာကြေခြင်းအလုပ်ကို အစပြုဆောင်ရွက်ခြင်းဖြစ်သည်။ သွားသည် စကားပြောဆိုရာတွင် အထောက်အပံ့ပေးသည်။ သွားမရှိလျှင် အချို့သောစကားများကို ပီသစွာ မပြောနိုင်ပေ။ သွားများသည် ကျန်းမာရေးအတွက် များစွာအရေးကြီး အရာရောက်ပေသည်။ ထို့ကြောင့် သွားများ ဆွေးမြေ့ပြီး မပျက်စီးရန် သွားမှန်မှန်တိုက်ခြင်းနှင့် အချိုများများ စားသောက်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့ကို လိုက်နာဆောင်ရွက်ကြရပါမည်။ သွားကိုဂရုတစိုက် တစ်နေ့ နှစ်ကြိမ်ခန့် တိုက်ပေးရမည်။ ထမင်းစားပြီးတိုင်း ပါးစပ်ကို ပလုတ်ကျင်းဆေးကြောခြင်းဖြင့် သွားကျန်းမာရေးကို ဂရုစိုက်ရာရောက်ပါသည်။ ကွမ်းစားခြင်းသည် သွားကျန်းမာရေးကို များစွာထိခိုက်စေသည်။ ကွမ်းသီးကို သွားဖြင့်ကြိတ်ဝါးခြင်းက သွား၌ရှိသော ကြွေများကို ပျက်စီးစေသည်။

သွားဆွေးမြေ့ခြင်းအကြောင်းမှာ အောက်ပါအချက်သုံးချက်အပေါ် မူတည်ပါသည်။ (၁) သွား၏ခံနိုင်ရည်၊ (၂) ရောဂါပိုးမွှားရှိခြင်း၊ (၃) သကြားတစ်မျိုးမျိုး သွားထဲမှာရှိနေခြင်းတို့ဖြစ်သည်။ အချိုအဆိမ့်များစွာ စားသည့် လူငယ်နှင့်ကလေးများတွင် သွားဆွေးမြေ့ခြင်းရောဂါကို အခြားသူများထက် ပိုမိုခံစားရနိုင်သည်။

တစ်နှစ်တစ်ကြိမ် သွားဆရာဝန်ထံ သွားရောက်ပြီး သွားများကို ပြသစစ်ဆေးသင့်သည်။ သွားဆွေးမြေ့နေသည်ကို တွေ့လျှင် ချက်ချင်းကုသရပါမည်။

**ကျမ်းကိုး - ပါဏာဝုဓဆေးကျမ်း။**

မောင်ရန်အေး(ကျောက်ဆည်)

# စည်းကမ်းဆိုတာ လူ့တန်ဖိုးပါ

**ရှိခိုးငယ်နိမ် သုံးကြိမ်ရှိပျောင်း သတ္တစွဲ ဂါရဝတရားနှင့် ။**

ဘုရား၊ တရား၊ သံဃာ၊ ဘိုးဘွားမိဘများနှင့် ကျေးဇူးရှင်၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းတို့၏ ပညာသီလ၊ ဂုဏ်ကျေးဇူးအား ဘယ်သောအခါမှ မမေ့ပါ။ ရှိခိုးကန်တော့ပါ၏။

လူဆိုသည်မှာ သီလ၊ သမာဓိ၊ သိက္ခာ ပြည့်စုံရပါလိမ့်မယ်။ ကြီးတဲ့သူကို ရိုသေကြရမယ်၊ ရွယ်တူတန်းတူကိုတော့ အချင်းချင်း အပြန်အလှန် လေးစားကြရပါမယ်။ မိမိတို့ထက်ငယ်သောသူများကို ညှာတာ၊ ထောက်ထား၊ သနားသည်းခံစိတ်ထားရှိကာ ပေါင်းသင်းဆက်ဆံသင့်ပါတယ်။ ဒါမှသာ (၃၈)ဖြာ မင်္ဂလာတရားတော်နဲ့လည်း ကိုက်ညီပါမယ်၊ သုံးပါးရတနာ၊ မိဘ၊ ဆရာနှင့်အသက်သိက္ခာ ဂုဏ်ဝါကြီးမားသူတို့ကို ရိုသေလေးစား ပူဇော်ကန်တော့ကြရပါမယ်။

ဘိုးဘွား၊ မိဘ၊ ဆရာသမားတို့၏ ဆုံးမပဲ့ပြင်သွန်သင်မှုကြောင့် လူတစ်လုံး၊ သူတစ်လုံးဖြစ်လာတာမို့ ကျေးဇူးဆပ်လို့မကုန်နိုင်ပါဘူး၊ နည်းပေးလမ်းပြ၊ စည်းကမ်းတကျ ပြောဆိုပြသ၊ လမ်းညွှန်ပေးခဲ့ကြတာကြောင့်လည်း ဘဝမှာ တင့်တောင်းတင့်တယ်၊ ဝင့်ဝင့်ထည်ထည် ဖြစ်ခွင့်၊ နေခွင့်ရခဲ့ပါပြီ။ တန်ဖိုးရှိတဲ့လူဖြစ်လာဖို့၊ အကျင့်စာရိတ္တကောင်းတဲ့သူဖြစ်လာဖို့၊ ပညာတတ်လူတန်းစားဖြစ်ဖို့၊ လူရာဝင်နိုင်စေဖို့ မိဘများပေးဆပ်ခဲ့ရတဲ့ ငွေကြေးဥစ္စာ၊ အချိန်ကာလ၊ အရင်းအနှီးတွေရဲ့ တန်ဖိုးဟာ ကြီးမားများပြားလှပါတယ်၊ ထိုက်တန်အောင်နေတတ်ဖို့၊ ထိုင်တတ်ဖို့ အရေးကြီးလှပါတယ်။ အရေးအကြီးဆုံးက တန်ဖိုးရှိအောင်နေတတ်ဖို့ဆိုရင် အဓိက စည်းကမ်းထားတတ်ရပါမယ်။ ပညာရေး၊ လူမှုရေး၊ အပေါင်းအသင်း၊ အလုပ်အကိုင်၊ လုပ်ငန်းခွင်၊ အရောင်းအဝယ် အရာရာမှာ စည်းကမ်းအရေးကြီးပါတယ်။ စည်းကမ်းဆိုတာ လူ့တန်ဖိုးပါ၊ စည်းကမ်းဖောက်ရင် ထီးနန်းတောင် ပျောက်တတ်တယ်လို့ ပြောကြ၊ ဆိုကြတယ်မဟုတ်လား။ အကွပ်မရှိတဲ့ကြမ်းဟာ ပရမ်းပတာဖြစ်တတ်ပါတယ်။ လူမှာအဝတ်၊ တောင်းမှာအကွပ်တဲ့၊ တောင်းတွေ၊ ပလုံးတွေမှာ အနားသတ် အကွပ်ပါမှသာ ရေရှည်ခိုင်ခံ့ပါတယ်။ လူမှာလည်း လူ့စည်းကမ်းရှိသလို မြစ်ချောင်းအင်းအိုင်တွေမှာလည်း အနားသတ်ကမ်းစပ်တွေ ရှိပါတယ်။ ဒါကြောင့် စည်းနဲ့ကမ်းနဲ့ဘောင်နဲ့ ကလနားနဲ့ အထိန်းနဲ့အကွပ်ရှိရပါတယ်။

တန်ဖိုးဆိုတာလည်း ရုပ်ဝတ္ထုပစ္စည်းတင်မကပါဘူး၊ လူတိုင်းလူတိုင်းမှာလည်း ထိုက်သင့်တဲ့တန်ဖိုးရှိပါတယ်။ လောကနီတိ၊ ပြည်သူ့နီတိ စာပေတွေထဲကအတိုင်း ယဉ်ကျေးလိမ္မာတဲ့ သားကောင်း၊ သမီးကောင်းတွေဖြစ်အောင် ပြုမူပြောဆိုနေထိုင်ကြရပါမယ်။

ကျွန်တော့်မိဘတွေက သားသမီးတွေကို ငယ်စဉ်တောင်ကျေးသိတတ်ကာစ အရွယ်ထဲက ပဲ့ပြင်ဆုံးမသွန်သင်ပေးခဲ့ကြပါတယ်။ ထမင်းစားတာ၊ ရေချိုးတာ၊ အဝတ်အစားဝတ်တာ၊ စာကျက်တာ၊ အိပ်ရာဝင်တာ အစစအရာရာ သွားတာ၊ လာတာ နေထိုင်တာကအစ စည်းနဲ့ကမ်းနဲ့ နည်းလမ်းတကျ ပြောပြကြပါတယ်။

ထမင်းစားရင် ပါးစပ်က ပျတ်ပျတ်နဲ့မမြည်စေရဘူး၊ ဟင်းခပ်ထည့်ဖို့ ဇွန်းကိုဘယ်လက်နဲ့ ကိုင်စေတာမျိုး၊ ထမင်းဝိုင်းမှာ ထမင်းစားရင်း ပလုတ်ပလောင်းနဲ့စကားမပြောရဘူး၊ အလုံးစုံသင်ကြားပေးလေ့ရှိပါတယ်။ ထမင်းလုံးတွေ ဘေးမှာဖိတ်စင်ကျသွားတဲ့အခါမျိုးမှာ ထမင်းတစ်စေ့ရဲ့တန်ဖိုးကို သားသမီးတွေ နားလည်အောင်ရှင်းပြ၊ ပြောပြလေ့ရှိပါတယ်။ ဆူပူကြိမ်းမောင်းမာန်မဲတာမျိုးမလုပ်ပါဘူး၊ ဒါကတော့ မိဘများဟာ မိမိတို့ရဲ့သားသမီးတွေ လိမ္မာရေးခြားရှိအောင် နည်းမှန်လမ်းမှန်သင်ကြားပြောဆိုတာ ဖြစ်ပါတယ်။ ချိုချိုသာသာလေး ပြောဆိုတော့ နားဝင်တာပေါ့။ မိဘများရဲ့စေတနာပါ၊ သားသမီးတွေ ဘဝမှာ လူတစ်လုံး သူတစ်လုံးဖြစ်အောင် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြားမှာ မျက်နှာမငယ်ရအောင် အောက်တန်းမကျအောင် သွန်သင်တာပဲဖြစ်ပါတယ်။

ဒီလိုနဲ့ကျောင်းနေတဲ့အရွယ်ရောက်လာတဲ့အခါ သူငယ်ချင်းဆိုတာ ရှိလာပါတယ်။ ငယ်ရွယ်သေးတဲ့အရွယ်မှာတော့ သူငယ်ချင်းတွေနဲ့ပျော်ပျော်ရွှင်ရွှင်ပါပဲ၊ အလယ်တန်း၊ အထက်တန်း၊ ကျောင်းသားကြီးတွေ ဖြစ်လာချိန်မှာတော့ အပေါင်းအသင်းမမှားမိစေဖို့ အရေးကြီးလာပါပြီ။ အတုမြင် အတတ်သင်ဆိုတာလို ဆေးလိပ်သောက်တာ၊ ကွမ်းစားတာ၊ လက်တည့်စမ်းချင်လာတတ်ပါတယ်။ တဖြည်းဖြည်းနဲ့ ဒီထက်ပိုပြီး မူးယစ်ဆေးသုံးစွဲလာတတ်ပါတယ်။ အဲ့ဒီကတစ်ဆင့် မကောင်းမှုဒုစရိုက်တွေ လုပ်ကိုင်တဲ့အထိ ဘဝမှာ လမ်းမှားလျှောက်မိကြပေလိမ့်မယ်။ စာရိတ္တမဏ္ဍိုင်မယိမ်းယိုင်ရအောင် အသိတရားနဲ့ သတိထားဆင်ခြင်တတ်ဖို့ လိုအပ်ပါတယ်။ မိဘစကားကို မြေဝယ်မကျ နားထောင်ကြရမှာ ဖြစ်ပါတယ်။

ဆရာ၊ ဆရာမများရဲ့ဆိုဆုံးမမှုအောက်မှာ အတန်းပညာကို တစ်နှစ်တစ်တန်း အောင်မြင်ခဲ့ပြီး ထူးချွန်ထက်မြက်တဲ့ ကျောင်းသား၊ ကျောင်းသူတွေ ဖြစ်လာဖို့လည်း ပင်ကိုစိတ်ဓာတ်ကြံ့ခိုင်ပြီး ကိုယ်ပိုင်ဉာဏ်စွမ်းရည်နှင့် ဆင်ခြင်သုံးသပ်၊ ဗလငါးတန်နှင့်ပြည့်စုံအောင် ရည်မှန်းချက်ထားကာ မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယတွေနဲ့ကြိုးစားအားထုတ်မှ ဖြစ်လာမှာပါ။ မိဘများက မိဘဝတ္တရားကျေပွန်ခဲ့ကြပြီ၊ ဆရာသမားများကလည်း ဆရာ့ကျင့်ဝတ် ကျေပွန်ခဲ့ကြပြီ၊ သားသမီးများကလည်း သားသမီးဝတ်ကျေပွန်အောင်၊ တပည့်များကလည်း တပည့်ဝတ်ကျေပွန်ဖို့လိုပါတယ်။ ပညာတတ်ကြီးတွေ ဖြစ်လာကြပြီး လူလားမြောက်ခဲ့ကြကာ နိုင်ငံ့တာဝန်တွေ ထမ်းရွက်ကြရတော့မယ်။ နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်လာခဲ့ချိန်မှာတော့ အဂတိတရားများ ဖယ်ရှားကြကာ တာဝန်ကျေပွန်အောင်၊ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်အောင် သီလ၊ သမာဓိ၊ သိက္ခာရှိတဲ့ ဝန်ထမ်းဖြစ်ပြီး အများရဲ့လေးစားမှု ခံယူနိုင်မှာဖြစ်ပါတယ်။ ဒါမှလည်း တန်ဖိုးရှိတဲ့သူ ဖြစ်လာမှာပေါ့။

လူတော်ဆိုတာ ဘာသာရပ်မျိုးစုံမှာ တော်တဲ့၊ တတ်တဲ့သူကို ခေါ်ပါတယ်။ လူကောင်းဆိုတာက အကျင့်စာရိတ္တ၊ ကိုယ်ကျင့်တရားကောင်းတဲ့သူကို ခေါ်ပါတယ်။ မိဘ၊ ဆရာ၊ ဘိုးဘွား၊ ဆွေမျိုးတို့ရဲ့ လမ်းညွှန်ပြသ သင်ကြားပို့ဆောင်ပေးခဲ့ကြတဲ့ ဘဝခရီးတစ်လျှောက်မှာ လူရည်ချွန်၊ လူရည်မွန် လူတော်လူကောင်းတစ်ယောက်အဖြစ် လျှောက်လှမ်းကြရမှာ ဖြစ်ပါတယ်။

အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်လိုစိတ်၊ တိုင်းချစ်ပြည်ချစ်စိတ် မွေးမြူထားပြီး ရပ်ကျိုးရွာကျိုး၊ အများအကျိုး နိုင်ငံ့အတွက် အားထားရတဲ့ ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်အောင်၊ လူပီသတဲ့လူတစ်ယောက်ဖြစ်အောင် ကြိုးစားနေထိုင်သွားကြရမှာ ဖြစ်ပါတယ်။

မင်းချမ်းသာ(ခတ္တန်း)

## အီရန်နှင့် အမေရိကန်အကြား အီရန်နျူကလီးယားအစီအစဉ် စတုတ္ထအကြိမ်မြောက် ဆွေးနွေးပွဲကို ရွှေ့ဆိုင်းလိုက်ပြီ





**တီဟီရန် မေ ၂**

အီရန်နှင့်အမေရိကန်အကြား အီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်သည့် စတုတ္ထအကြိမ်မြောက် ဆွေးနွေးပွဲကို ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အီရန်က နှစ်နိုင်ငံအကြား ညှိနှိုင်းဆောင်ရွက်ပေးနေသည့် အိုမန်နိုင်ငံနှင့်အတူ ထောက်ပံ့နည်းပညာဆိုင်ရာ အကြောင်းပြချက်များကြောင့် ရောမမြို့တွင် စနေနေ့က ကျင်းပရန်ရှိသည့် အစည်းအဝေးကို ရွှေ့ဆိုင်းရန် နှစ်ဖက်စလုံးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ဝါရှင်တန်မှ အီရန်နှင့် ဆက်စပ်မှုရှိသည်ဟု ဆိုသည့် ကုမ္ပဏီများကို တစ်ပတ်အတွင်း အရေးယူမှုများ စတင်ချမှတ်ပြီးနောက် အီရန်မှ ရေနံနှင့် ဓာတုထွက်ကုန်များကို ဝယ်ယူသူများအပေါ် ဖိအားပေးသွားမည်ဟု ခြိမ်းခြောက်ခဲ့သည်။

၂၀၁၈ ခုနှစ်တွင် အီရန်နှင့် အခြားကမ္ဘာ့အင်အားကြီး ငါးနိုင်ငံအကြား ယခင်နျူကလီးယား သဘောတူညီချက်မှ အမေရိကန်ကို နုတ်ထွက်စေခဲ့ပြီး ပိုမိုကောင်းမွန်သည့် သဘောတူညီချက်တစ်ခုကို ပြုလုပ်မည်ဟု ထရမ့် ပြောခဲ့ဖူးသည်မှာ ကြာခဲ့လေပြီ။

ဧပြီလတွင် စတင်ခဲ့သည့် ဆွေးနွေးပွဲများ မအောင်မြင်ပါက စစ်ရေးအရ လုပ်ဆောင်မည်ဟု ယခင်က ၎င်း သတိပေးခဲ့ပြီးနောက် အိုမန်၏မြို့တော် မတ်စ်ကတ်တွင် ကျင်းပခဲ့သည့် ပထမအကြိမ်ဆွေးနွေးပွဲကို "ထိရောက်မှုရှိသော" အစည်းအဝေးအဖြစ် နှစ်ဖက်စလုံးက ဖော်ပြခဲ့ကြောင်း သိရသည်။

**Mon**



## အသုံးစရိတ်အလုံးအရင်းဖြတ်တောက်မှုများကြောင့် ကမ္ဘာ့ကျန်းမာရေး အန္တရာယ်တစ်ခုနှင့် ရင်ဆိုင်နေရ

**ဝါရှင်တန် မေ ၂**

အလှူရှင်များ၏ ပံ့ပိုးမှုများ လျော့နည်းလာပြီး အသုံးစရိတ် အလုံးအရင်းဖြတ်တောက်မှုများကြောင့် ကမ္ဘာ့ကျန်းမာရေးသည် အန္တရာယ်တစ်ခုနှင့် ရင်ဆိုင်နေရသည်ဟု ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြီးအကဲ အတွင်းရေးမှူးချုပ် ဒေါက်တာ တေဒရော့စ်အဒါနွမ် ဂေဘရေယေဆပ်စ်က မေ ၁ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မိမိတို့အဖွဲ့အစည်းအနေဖြင့် လူထုကျန်းမာရေးအသုံးစရိတ်ဆိုင်ရာ အကြီးမားဆုံးနှောင့်ယှက်မှုကို ရင်ဆိုင်နေရပြီး ပံ့ပိုးမှုငွေများ အလွန်အမင်း သိသာစွာကျဆင်းလာကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

ယခင်က အဖွဲ့၏အကြီးဆုံး ငွေကြေးပံ့ပိုးသူဖြစ်သည့် အမေရိကန်ပြည်ထောင်စုက ဇန်နဝါရီလတွင် နုတ်ထွက်သွားပြီးနောက် အကျပ်အတည်း ပိုမိုနက်ရှိုင်းလာခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် COVID-၁၉ ကပ်ရောဂါနှင့် အခြားနိုင်ငံတကာကျန်းမာရေး အကျပ်အတည်းများကို မှားယွင်းစွာ ကိုင်တွယ်ခဲ့သည်ဟု အမေရိကန်က စွပ်စွဲကာ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအခြေအနေကို တုံ့ပြန်သည့်အနေဖြင့် ထိုအဖွဲ့က ဘဏ္ဍာရေးအစီအစဉ်များကို ပြန်လည်သုံးသပ်ပြီး သုံးစွဲမှုများကို လျှော့ချကာ ၂၀၂၆-၂၀၂၇ အသုံးစရိတ်နှစ်အတွက် ၂၁ ရာခိုင်နှုန်း ဖြတ်တောက်ရန် အဆိုပြုထားကြောင်း သိရသည်။

**Mon**



## တရုတ်နှင့် အိန္ဒိယကွန်မြူနစ်ပါတီများနှင့် ပူးပေါင်းဆောင်ရွက်ရန် သီရိလင်္ကာလက်ဝဲအစိုးရနှင့် ကွန်မြူနစ်အင်အားစုများ လိုလား

**ကိုလံဘို မေ ၂**

သီရိလင်္ကာအစိုးရသည် ၎င်း၏ အချုပ်အခြာအာဏာ တည်ဆောက်ရေးအတွက် အရေးပါသော နိုင်ငံငယ်တစ်ခုဖြစ်သည့် သီရိလင်္ကာတွင် ဩဇာလွှမ်းမိုးရန် ပြိုင်ဆိုင်နေသည့် ဒေသအင်အားကြီးနိုင်ငံများဖြစ်သော တရုတ်နှင့် အိန္ဒိယနိုင်ငံရှိ ကွန်မြူနစ်ပါတီများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် မေ ၁ ရက်တွင် ကတိပြုခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

သမ္မတ အနုရကုမာရဒိသာနာယက၏ လက်ဝဲအစိုးရသည် တရုတ်ကွန်မြူနစ်ပါတီနှင့် အိန္ဒိယရှိ ကွန်မြူနစ်ပါတီများမှ အထူးဧည့်သည်များကို ဖိတ်ကြားကာ ပထမဆုံးသော အလုပ်သမားနေ့ပွဲတော်ကို ကျင်းပခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီအနေဖြင့် ဒိသာနာယက၏ ပြည်သူ့လွတ်မြောက်ရေးတပ်ပေါင်းစုနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေကြောင်း ကိုလံဘိုမြို့တော်၌ ကျင်းပသော လူထုအစည်းအဝေးတွင် တရုတ်ကွန်မြူနစ်အရာရှိ ဖန်ရှီယိုဘင်က ထုတ်ဖော်ပြောကြားသည်။

"တရုတ်-သီရိလင်္ကာ ဆက်ဆံရေးကို ပိုမိုအားကောင်းလာစေရန် မိမိတို့ ဆောင်ရွက်သွားမည်"ဟု ယင်းတရုတ်အရာရှိက ဆက်လက်ပြောကြားသည်။

တရုတ်နှင့် ပူးပေါင်းဆောင်ရွက်မှုသည် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုကို ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ကြောင်း သီရိလင်္ကာ အာဏာရပါတီ အထွေထွေအတွင်းရေးမှူး တီလ်ဗင်ဆီလ်ဗာက ပြောကြားသည်။

သီရိလင်္ကာကွန်မြူနစ်အင်အားစုများနှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဟု အိန္ဒိယနိုင်ငံတောင်ပိုင်း ကေရာလပြည်နယ်ကို အုပ်ချုပ်နေသော အိန္ဒိယကွန်မြူနစ်ပါတီ၏ ဗဟိုကော်မတီဝင် အေအာဆင်ဒူကလည်း ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**




## တောင်ကိုရီးယားနိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်ငန်းလှုပ်ရှားမှု ဧပြီလတွင် အဆိုးရွားဆုံး ကျဆင်းမှုနှင့် ရင်ဆိုင်ခဲ့ရ

**ဆိုးလ် မေ ၂**

တောင်ကိုရီးယားနိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်ငန်းလှုပ်ရှားမှုသည် ဧပြီလတွင် လွန်ခဲ့သော လ ၃၁ ရက်အတွင်း အဆိုးရွားဆုံးကျဆင်းမှုနှင့်ရင်ဆိုင်ခဲ့ရသည်ဟု စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုသို့ကျဆင်းရခြင်းမှာ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ကုန်သွယ်မှုအခွန်များ မြင့်တင်မှုကြောင့် ဝယ်လိုအား ထိုးကျသွားခြင်းနှင့် ကုမ္ပဏီများသည် ကပ်ရောဂါကာလပြီးနောက် အဆိုးမြင်စိတ်အများဆုံးဖြစ်နေခြင်းတို့ကြောင့် ဖြစ်သည်ဟု သုတေသနလုပ်ငန်းတစ်ခုက မေ ၂ ရက်တွင် အစီရင်ခံသည်။

ထိုစစ်တမ်းရလဒ်သည် တောင်ကိုရီးယား၏ ယမန်နေ့က ကုန်သွယ်မှုဒေတာများနှင့် လုံးဝကွဲပြားနေသည်။ ယခင်က လျှပ်သိပ္ပစ္စည်းများအတွက် ဝယ်လိုအားကောင်းမွန်မှုကြောင့် ဈေးကွက်မျှော်လင့်ချက်ထက် ကျော်လွန်ခဲ့သော်လည်း အခွန်များကြောင့် ကားလုပ်ငန်းကဏ္ဍတွင် ထိခိုက်မှုများ စတင်ပေါ်ပေါက်လာသည်ကို တွေ့ရသည်။

ကမ္ဘာလုံးဆိုင်ရာ အက်စ်အင်န်ပီအညွှန်းကိန်းအဖွဲ့က ထုတ်ပြန်သော အာရှ၏ စတုတ္ထမြောက်အကြီးဆုံးစီးပွားရေးနိုင်ငံ၏ ဝယ်ယူမှုအညွှန်းကိန်းသည် မတ်လက ၄၉ ဒသမ ၁ ရှိရာမှ ဧပြီလတွင် ၄၇ ဒသမ ၅ သို့ ကျဆင်းသွားကြောင်း သိရသည်။

**Mon**



တရုတ်နိုင်ငံ ပေကျင်းမြို့တော်ရှိ ဗဟိုအနုပညာအကယ်ဒမီကျောင်းမှ ဘွဲ့လွန်နှင့် ပါရဂူကျောင်းသားများ၏ ကျောင်းဆင်းလက်ရာပြပွဲကို တွေ့ရစဉ်။ **Mon**

## ဇိမ်ခံပစ္စည်းများရောင်းချသည့် ဟေးရော့ကုန်တိုက်ကြီး ဆိုက်ဘာတိုက်ခိုက်မှုခံရသော်လည်း လည်ပတ်နေဆဲ

**လန်ဒန် မေ ၂**

ဇိမ်ခံပစ္စည်းများ ရောင်းချသည့် ဟေးရော့ကုန်တိုက်ကြီး ဆိုက်ဘာတိုက်ခိုက်မှု ခံနေရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကွန်ပျူတာစနစ်များထဲသို့ ဝင်ရောက်ရန် ကြိုးစားမှုတစ်ကြိမ်ပြုလုပ်အပြီးတွင် မိမိတို့ နေရာများ၌ အင်တာနက်အသုံးပြုမှုကို ကန့်သတ်ထားသည်ဟု ထိုကုန်တိုက်က ထုတ်ပြန်ကြေညာသည်။

ကုမ္ပဏီက ၎င်း၏အိုင်တီစနစ်အချို့ကို ဟက်ကာများမှ ကာကွယ်ရန် ပိတ်ခဲ့ပြီးနောက် တစ်ရက်အကြာတွင် ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး မာ့ခ်အင်န်စပင်ဆာ ကုန်တိုက်တွင်လည်း ပျောက်ဆုံးရောင်းအားများကြောင့် စတာလင်ပေါင်များစွာ ဆုံးရှုံးခဲ့ရသည့် အလားတူ တိုက်ခိုက်မှုတစ်ခုနှင့် ရင်ဆိုင်နေရသည်။



ဟေးရော့၏ အဓိကကုန်တိုက်ခွဲများ ဖွင့်လျက်ရှိပြီး အွန်လိုင်း ရောင်းချမှုများကိုလည်း ဆက်လက်လည်ပတ်နေသည်ဟု ဆိုသည်။

၎င်း၏ကွန်ရက်အပေါ် မည်မျှထိခိုက်မှုရှိခဲ့သည်ကို ရှင်းလင်းစွာ မဖော်ပြခဲ့သော်လည်း ဖောက်သည်များအား "လောလောဆယ်တွင် မည်သည့်အပြောင်းအလဲမျှ မလုပ်ရန် ဟေးရော့ဘက်က တောင်းဆိုထားကြောင်း သိရသည်။

**Mon**

STOP AIDS

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## IU နှင့်အတူ G Dragon က Palette အစီအစဉ်သစ်တွင် ပါဝင်မည်

အိုင်ယူ၏ Palette အစီအစဉ်သစ်တွင် ကေပေါ့ပ်ဘုရင် ဂျီဒရယ်ဂွန် ပါဝင်မည်ဆို၍ ပရိသတ်စိတ်ဝင်စားနေကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၁၇ ခုနှစ်က အဆိုပါ သီချင်းတွင် အတူတူပူးပေါင်းပေးခဲ့သည့် စီနီယာ ဂျီဒရယ်ဂွန်က ၂၀၂၅ ခုနှစ် အယ်လ်ဘမ်သစ်အတွက် အိုင်ယူ၏ အစီအစဉ်တွင် ထပ်မံပါဝင်မည်ဖြစ်သည်။

ပရိသတ်များက ဂျီဒရယ်ဂွန်ထပ်မဆိုတော့ဟု ပြောထားသည့် Palette သီချင်းကို အိုင်ယူနှင့် အတူဖျော်ဖြေရန် စိတ်ဆန္ဒရှိနေကြသည်။ (SKY)




## The Deep House သည်းထိတ်ရင်ဖိုဇာတ်ကားပုံစံသစ်နှင့် တင်ပြထား

သည်းထိတ်ရင်ဖိုဇာတ်ကား The Deep House ရုပ်ရှင်ကို ရေအောက်ထဲတွင် ၉၀ရာခိုင်နှုန်း ပုံစံသစ်နှင့်ရိုက်ကူးတင်ပြထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင်ချောက်ချားထိတ်လန့်ဖွယ်နေရာများသို့ သွားရောက်၍ ဗီဒီယိုရိုက်ကူးတင်ပြသည့် ယူကျူဘာစုံတွဲက ရေအောက်မှ အိမ်တစ်လုံးကို စူးစမ်းရှာဖွေရာမှ အိမ်ထဲတွင် ပိတ်မိသွားခဲ့သည်။

ရေအောက် အိမ်ကြီးထဲမှ ထွက်ရှိနိုင်ရန် အန္တရာယ်မျိုးစုံနှင့် ကြိုးစားခဲ့ရပုံများကို တင်ပြထားရာ ဆန်းသစ်သောဇာတ်အိမ်၊ အေးစက်သောခံစားမှုနှင့် ပုံစံသစ်ကိုချပြထားသည်။

ပရိသတ်အားပေးကြည့်ရှုနှုန်း ၅ ဒသမ ၃ရရှိထားကာ ရေအောက်တွင် မွန်းကြပ်ပိတ်ဆို့နေ၍ ကြည့်ရှုသူပင် အောက်ဆီဂျင်ပြတ်သွားသကဲ့သို့ခံစားကြရသည်။ (SKY)



## အိုမီဂါ-၃ တစ်ဂရမ်ကို နေ့စဉ်သောက်သုံးခြင်းဖြင့် လူသားတို့၏ ဇီဝအိုမင်းမှုကို နှေးစေနိုင်မည်

အိုမီဂါ-၃ တစ်ဂရမ်ကို နေ့စဉ်သောက်သုံးခြင်းဖြင့် လူသားတို့၏ ဇီဝအိုမင်းမှုကို နှေးစေနိုင်ကြောင်း မကြာသေးမီကထုတ်ဝေသည့် နေးချားအေးဂျီးန်ဂျာနယ်တွင် ဖော်ပြထားသည်။

အသက် ၇၀ အထက်လူကြီး ၇၀၀ကျော်ပါဝင်သည့် သုံးနှစ်ကြာလေ့လာမှုအချက်အလက်များကို ဆန်းစစ်ရာမှ ရလဒ်အသစ်ထွက်ပေါ်လာခြင်းဖြစ်သည်။

ယခင်လေ့လာမှုများအရ ကယ်လိုရီစားသုံးမှုလျှော့ချခြင်းသည် လူသားတို့တွင် အိုမင်းမှုကို နှေးစေနိုင်ကြောင်း ဖော်ပြထားသည်။ အခြားအာဟာရဓာတ်များဖြစ်သည့် ဗီတာမင် ဒီနှင့် အိုမီဂါ-၃ တို့သည်လည်း အိုမင်းမှုကို နှေးစေနိုင်သည်ဟု တိရစ္ဆာန်များနှင့် စမ်းသပ်လေ့လာမှုငယ်များတွင် ဖော်ပြခဲ့ဖူးသည်။


ဆွစ်ဇာလန်သုတေသီ ဟိုင်ကေဘစ်ရှကော့ဖာရာရီစတိဗ်ဟော်ဗာ့သ်နှင့်၎င်းတို့၏လုပ်ဖော်ကိုင်ဖက်များက DNA ပုံစံများအပေါ်အခြေခံ၍ ဇီဝအိုမင်းမှုကိုခန့်မှန်းပေးသည့် မော်လီကျူးနည်းပညာများကို အသုံးပြုကာ ဆွစ်ဇာလန်နိုင်ငံတွင် နေထိုင်သော အသက် ၇၀ နှင့်အထက် လူကြီး ၇၇၇ ဦးကို လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## BTS မှ Suga@Min Youngi က သရုပ်ဆောင်မလုပ်ကြောင်းပြောကြားထား

ဘီတီအက်စ်အဖွဲ့ဝင်ဆူဂါ (ခေါ်) မင်ယောင်ဂီကို သူ၏ တစ်ကိုယ်တော်အယ်လ်ဘမ် Daec-hwita MVထွက်ပြီး သရုပ်ဆောင်ရန် ကမ်းလှမ်းခဲ့သော်လည်း ငြင်းဆိုထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆူဂါက သရုပ်ဆောင်မလုပ်ဘဲ သီချင်းများသာ ဖန်တီးချင်ကြောင်း ပြန်လည်တုံ့ပြန်ပြောကြားထားသော်လည်း ၂၀၂၀ ပြည့်နှစ် D2အယ်လ်ဘမ် Daec-hwita MV ထွက်အပြီး ရုပ်ရှင်အတွက် ကမ်းလှမ်းခံခဲ့ရသောကြောင့် ဖြစ်သည်။

ဆူဂါက သရုပ်ဆောင်ပိုင်းနှင့်ပတ်သက်၍ မိမိကိုယ်ကိုယုံကြည်ချက်မရှိသော်လည်း သူဖန်တီးထားသည့် MV များတွင် သရုပ်ဆောင်စွမ်းရည်ကို မြင်တွေ့ကြရသည်။



ဘစ်ဟစ်၏ပထမဆုံး သင်တန်းသားနှစ်ဦးအဖြစ် အာရ်အမ်နှင့်ဆူဂါတို့မှာ နှစ်များစွာကြာခဲ့ပြီး ဒယ်ဂူမှ တစ်ဦးတည်း ဆိုးလ်သို့လာ၍ အသက်(၁၇)နှစ်နှင့် သင်တန်းသားဖြစ်ခဲ့သည်။ ဆူဂါမှာ ဂီတစွမ်းရည်ပြည့်ဝနေသူလည်း ဖြစ်သည်။ (SKY)

## Shahid Kapoor ၏ Deva ရုပ်ရှင် မိတ်ဆက်ပွဲ နမူနာများပြသ

ရှာဟော့ဒ်ကပူးလ်နှင့် မူဂျာဟီဒီတို့ အဓိကပါဝင်ထားသည့် Deva ရုပ်ရှင်ဇာတ်ကားသစ် မိတ်ဆက် ပွဲနမူနာများ ပြသခဲ့ရာ ၂၀၂၅ခုနှစ်အတွက် အဖွင့်ကောင်း မကောင်း ပရိသတ်စောင့်ကြည့်နေကြကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လက်ရှိနမူနာနှင့်ပရိသတ်ကြားရေပန်းစားနေသော အဆိုပါရုပ်ရှင်တွင် သရုပ်ဆောင်၊ အက်ရှင်အကနှင့် မူဂျာဟီဒီတို့၏ အလှကို ပေါင်းစပ်မြင်တွေ့ခဲ့ကြရသည်။

ရုပ်ရှင်ဇာတ်ကားမိတ်ဆက်ပွဲတွင် ရုပ်ရှင်အဖွဲ့သားများစုံညီစွာတက်ရောက်ခဲ့ကြရာ ပရိသတ်များက ၂၀၂၅ခုနှစ်အတွက် အဖွင့်ကောင်း၊ မကောင်းစောင့်ကြည့်နေကြသည်။ (SKY)




## The Song Of Names ရုပ်ရှင်တွင် အောင်မြင်မှုကို မျှဝေကြည့်ရှုစရာလူမရှိလျှင်ဟု ပြသထား

တယောပညာထူးချွန်သောလူငယ်လေးတစ်ဦး သူ့လက်သံကို မျှဝေကြည့်ရှုစရာလူမရှိ၍ ကျောခိုင်းခဲ့ရပုံကို TheSong of Na-mes တွင် ပြသထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တယောပညာထူးချွန်သည့် ပိုလန်နိုင်ငံသားဆယ်ကျော်သက်အရွယ်နှင့် အင်္ဂလန်နိုင်ငံမိသားစုထံရောက်ရှိခဲ့ကာ မိသားစုသတင်းနားစွင့်ရင်း ဂီတာပညာရှင်အိပ်မက်ကို ပွေ့ပိုက်ထားရာမှတည်းခိုရာ အိမ်ရှင်မှ ရှိသမျှပံ့အော၍ ဂီတပြုလုပ်ပေးခဲ့သော်လည်း တယောတီးခတ်ရမည့် အစားကိုယ်ပျောက်မျက်လှည့်ပြသွားခဲ့သည်။

နောင်နှစ်သုံးဆယ်ကြာမှ အိမ်ရှင်သားလိုက်ရှာ၍ နယူးယောက်ခ်တွင်တွေ့ရှိရာ အိပ်မက်ကို ကျောခိုင်း၍ မိသားစုသတင်းသိလိုစိတ်ပြင်းထန်နေ၍ စစ်ကြီးအပြီး ဂျူးဘာသာရေးခေါင်းဆောင်မှ သိလိုသည့်အဖြေပေးခဲ့ရာ နာဇီ၏ လူမဆန်မှုအောက်အသက်ဆုံးရှုံးခဲ့ရသူများ အမည်ကို သီချင်းနှင့် ရွတ်ဆိုပေးခဲ့ရာ ငါးရက်ကြာခဲ့သည်။

ပါရမီရှင်တယောပညာထူးချွန်သူလေးက ဂန္တဝင်တေးသွားကို လူပုံအလယ်တီးခတ်၍ အောင်မြင်မှုကို မျှဝေခံစားစရာလူမရှိခဲ့လျှင် အဓိပ္ပာယ်မရှိဟုဆိုကာ ကျောခိုင်းခဲ့ခြင်းဖြစ်သည်။ (SKY)




## တရုတ်အနုပညာရှင် Yang Mi က ကမ္ဘာ့အဆင့်ဝင် စစ်တမ်းအရ စီးပွားရေးဝင်ငွေ တန်ဖိုးအမြင့်ဆုံး ပိုင်ဆိုင်ထား

လွန်ခဲ့သောနှစ်ကမ္ဘာ့အဆင့်ဝင် စစ်တမ်းများအရ စီးပွားရေးဝင်ငွေ တန်ဖိုးအမြင့်ဆုံးပိုင်ဆိုင်ထားကြသည့် တရုတ်အနုပညာရှင် ၁၀ ဦးတွင် ယောင်မီက ထိပ်ဆုံးဖြစ်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ စာရင်းတွင်ပရိသတ်အပေါ်ဩဇာလွှမ်းမိုးနိုင်မှု၊ မီဒီယာဆိုင်ရာကျော်ကြားမှု၊ ပြည်တွင်း၊ ပြည်ပကျော်ကြားမှုအမြင့် စီးပွားရေးကြော်ငြာများတွင်ပါ စီးပွားရေးဝင်ငွေတန်ဖိုးအမြင့်ဆုံးရရှိထားကြသူများတွင် ယောင်မီ၊ ဝမ်ရိဘိုဒီလ်ရီဘာဒီမူရတ်၊ ဂေါင်ဂျွန်နှင့် ကျန်ရှုယန်တို့ ထိတ်ဆုံးငါးဦးစာရင်းဝင်ခဲ့ကြသည်။

ချောင်ရီ၊ ယောင်ဇီ၊ ကျန်းလီယင်း၊ ရှောင်းကျန့်နှင့် တန်ဂျန်စီတို့ကလည်း ထိပ်ဆုံး ၁၀ ဦးဝင်စာရင်းတွင် ပါဝင်ခဲ့ကြသည်။ (SKY)





## ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ မေ ၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ရည်မှန်းချက် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက မြို့နယ်ခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆင်ပေါင်ဝဲမြို့မှ အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် "နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစီမံကိန်းဥပဒေ၊ အခွန်အကောက်ဥပဒေ၊ ဘဏ္ဍာငွေအရ၊ အသုံးဥပဒေ စတဲ့ ဥပဒေ (၃)ရပ်ကို နှစ်စဉ်ရေးဆွဲပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍများကို ဒေသန္တရစီမံကိန်း ရည်မှန်းချက်ပြည့်မီအောင် သက်ဆိုင်ရာဌာနများက ဆောင်ရွက်သွားကြရန်လိုကြောင်း" ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အကောင်အထည်ဖော်ဆောင်ရွက်မည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများအား ကဏ္ဍအလိုက် စီမံကိန်းတာဝန်များပေးအပ်ခဲ့ပြီး မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်အေးအေးသောင်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## နွေရာသီ အင်္ဂလိပ်စာသင်တန်းဖွင့်လှစ်

**ကျွန်းလှ မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ အင်္ဂလိပ်စာဘာသာ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ အင်္ဂလိပ်စာသင်တန်းကို မေ ၁ရက် နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ကျွန်းလှမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက အင်္ဂလိပ်စာသင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမဒေါ်မေထိုက်ကိုက သင်တန်းပို့ချမည့် ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ နွေရာသီအင်္ဂလိပ်စာသင်တန်းသို့ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၄၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁ရက်မှ ၂၀ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

**မျိုးဝင်းညို(ကျွန်းလှ)**

**သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး။**

## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် မေ ၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အငြိမ်းစားဝန်ထမ်းများအား အခမဲ့ စစ်ဆေးပေးလျက်ရှိပြီး ဧပြီ ၃၀ရက် နံနက် ၉နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေး စစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ဇော်ထက်(သရက်)**



## ငလျင်ဘေးကူညီထောက်ပံ့ရေးအတွက် ဆွေးနွေး

**မန္တလေး မေ ၂**

မန္တလေး ဒေသကောလိပ်ကျောင်းသားဟောင်းများ ဖောင်ဒေးရှင်းအစည်းအဝေးကို မေ ၁ ရက် မွန်းလွဲ ၁နာရီက အောင်မြေသာစံမြို့နယ်၊ ၁၄လမ်းနှင့်၆၂ လမ်းထောင့်၊ ဇီဝိတဒါန သံဃာ့ဆေးရုံရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ယာယီရုံးခန်းတွင် ကျင်းပရာ အစည်းအဝေးသို့ နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အတန်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မန္တလေးဒေသကောလိပ် ကျောင်းသားဟောင်းများဖောင်ဒေးရှင်းနာယကများနှင့် ဥက္ကဋ္ဌ၊ အမှုဆောင်များက All regional ကန်တော့ခံ ဆရာ၊ ဆရာမကြီး ၁၃၉ဦးတို့အား မြန်မာနှစ်သစ်ကူးဂါရဝပြု ငွေကျပ် နှစ်သိန်းစီ ကန်တော့ရာ ကန်တော့ခံဆရာ၊ ဆရာမကြီးများ ငလျင်ဘေး နေအိမ်ထိခိုက်ပျက်စီးမှု ငွေကျပ် ၁၂သိန်း ထောက်ပံ့ကူညီရန်နှင့် ရန်ပုံငွေအနေအထား အပေါ်မူတည်၍ All regionl ကျောင်းသား၊ ကျောင်းသူဟောင်းများအား ထောက်ပံ့ကူညီရန် အဆိုပြုတင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ မန္တလေးဒေသကောလိပ်ကျောင်းသား၊ ကျောင်းသူဟောင်းများ ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေ အနေအထားအပေါ်မူတည်၍ တွက်ချက်မှုများပြုလုပ်ပြီး ထောက်ပံ့ပေးရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၅)



## ဒေသခံပြည်သူများအတွက် အပူရှောင်စခန်းဖွင့်လှစ်

**မကွေး မေ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ရေနံချောင်းမြို့နယ်ဦးစီးမှူးရုံးမှ ဒေသခံပြည်သူများ အပူဒဏ်ခံစားရမှု လျော့နည်းသက်သာစေရန် ရည်ရွယ်၍ ရေနံချောင်းမြို့၊ မြို့မမြောက်ရပ်ကွက်၊ သာသနာ့မဏ္ဍိုင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အပူရှောင်စခန်း ဖွင့်လှစ်ထားသည်။

ရေနံချောင်းမြို့၌ အပူရှောင်စခန်းတွင် လာရောက်အပူရှောင်သူများအား အအေးနှင့် ဖျော်ရည်များ တိုက်ကျွေးခြင်း၊ ငလျင်ဘေး၊ လေပြင်းဘေးနှင့် မုန်တိုင်းဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောဆွေးနွေးခြင်းများအပြင် ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့ကလည်း ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးကြောင်း မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

အဆိုပါ အပူရှောင်စခန်းကို မတ် ၃၀ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ အပူရှိန်လျော့နည်းကျဆင်းသည်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် ဒေသခံပြည်သူများ လာရောက်အပူရှောင်နားခိုကြကြောင်း သိရသည်။

(အောက်ပုံ)

(၄၇၂)





## အခြေခံပညာကျောင်းများအား ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း မေ ၂**

၂၀၂၅ ခုနှစ် ဇွန် ၁၆ ရက်တွင် ပြန်လည်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြမည့် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် စခန်းသွင်းလေ့ကျင့်သင်ကြားပေးမည့် အခြေခံပညာကျောင်းများနှင့် သင်ခန်းစာပို့ချသည့်နေရာများအား ဧပြီ ၃၀ ရက် ညနေပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်သီသီကြိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့နယ်အတွင်း ရွှေမြို့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ဘုရင့်နောင်ရပ်ကွက်၊ အခြေခံပညာကျောင်းအလယ်တန်းကျောင်း(ခွဲ)သို့ သွားရောက်ပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မိဘများနှင့်တွေ့ဆုံကာ ရာနှုန်းပြည့် စခန်းသွင်းလေ့ကျင့်သင်ကြားနိုင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကျောင်းသား၊ ကျောင်းသူများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေး စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ကျောင်းသူများ သင်ကြားမည့် စာသင်ဆောင်များ၊အိပ်ဆောင်များနှင့် သင်ခန်းစာပို့ချသည့်နေရာများကို လှည့်လည် ကြည့်ရှုခဲ့ကြသည်။

တပ်ကုန်းမြို့နယ်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စခန်းသွင်း လေ့ကျင့်သင်ကြားပေးမည့် အခြေခံပညာကျောင်း စုစုပေါင်း ခြောက်ကျောင်းရှိပြီး သင်ခန်းစာပို့ချမှုအနေဖြင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများအပြင် တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များမှ ဆရာ၊ ဆရာမများကလည်း လာရောက်လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ဥတ္တရသီရိမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်တာဝန်ရှိသူများနှင့်အတူ အ.ထ.က(၁၂)၊ အ.ထ.က (မင်းကုန်း)ကျောင်းတို့တွင် စခန်းသွင်းလေ့ကျင့်သင်ကြားပေးမည့် နေရာများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**အထက်မင်းလှ မေ ၂**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများတွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးထပ်စွမ်းအားမြှင့်တင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ လျာထားချက်ပြည့်မီရေးဆောင်ရွက်ရန်၊ မွေးမြူရေးနှင့်ပတ်သက်၍ ဒေသကြက်တိုးချဲ့မွေးမြူရေး၊ ဥစားကြက်မွေးမြူကြရန်၊ မင်းလှ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား ဘင်ခရာသင်တန်းဖွင့်လှစ်သင်ကြားပေးနေမှုများ၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးကြရန်၊ မြေပြင်လူဦးရေစာရင်းကောက်ယူရေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်ရန်၊ စိုက်ပျိုးစရိတ်ချေးငွေထုတ်ယူထားသည့် ကျေးရွာများမှ တောင်သူများ ပြန်လည်ပေးဆပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ အကြောင်းအရာများအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက သီးထပ်စွမ်းအားမြှင့်တင်ရေး၊ ဒေသကြက်မွေးမြူရေး၊ မြေပြင်လူဦးရေစာရင်းကောက်ယူနိုင်ရေး၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာအကြောင်းအရာများအား ဆွေးနွေးခဲ့ကြရာ ဆွေးနွေးချက်များအပေါ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များအား ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

စာစာ(အထက်မင်းလှ)



## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်ငွေများအား ပြန်လည်ပေးအပ်ခြင်း အခမ်းအနားကျင်းပ

**မိုင်းရှူး မေ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ်တွင် ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်တွင် မန္တလေးအင်အားပြင်း ငလျင်လှုပ်ခတ်မှုကြောင့် အောင်ပန်းဟိုတယ်တွင် တည်းခိုစဉ် ဟိုတယ်ပြိုကျမှုကြောင့် သေဆုံးခဲ့ရသော မိုင်းရှူးမြို့နယ်၊ ဟိုဆိုင်ကျေးရွာအုပ်စု၊ ဝမ်ကန်ရွာမှ အမျိုးသား သုံးဦး၊ အမျိုးသမီးသုံးဦးတို့၏ ကျန်ရစ်သူမိသားစုဝင်များအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်ငွေများအား ပြန်လည်ပေးအပ်ခြင်း အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက်၁၀ နာရီက အမှတ်(၂) ရပ်ကွက်၊ပတ္တမြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က နှစ်သိမ့်အားပေးစကားပြောကြားပြီး ငလျင်လှုပ်ခတ်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသော ကျန်ရစ်သူမိသားစုဝင်များအား သေဆုံးသူခြောက်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းထိုက်၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအဖွဲ့ဝင်များ၊ ငလျင်လှုပ်ခတ်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် ကျန်ရစ်သူမိသားစုဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## နွေစပါးနှင့် နွေသီးနှံ လျာထားချက်ပြည့်မီရေး တွေ့ဆုံဆွေးနွေး



**လယ်ဝေး မေ ၂**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၃၀ ရက် နံနက်ပိုင်းက လယ်ဝေးမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် နွေသီးနှံ နွေစပါးစိုက်ပျိုးရန် ကျန်ရှိသည့် ကျေးရွာအုပ်စုများမှ စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် အဖွဲ့ဝင်များ၊ မြွေရိုးလေး၊ ရှမ်းစု၊ အေလာ၊ သာဝတ္တိရေ့တန်းစခန်းအဖွဲ့ခေါင်းဆောင်များ၊ နွေစပါးနှင့် နွေသီးနှံ စိုက်ပျိုးရန်ကျန်သည့် ကျေးရွာအုပ်စု စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာတာဝန်ခံများ၊ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်သူရက မကြာမီ နွေစပါးနှင့် နွေသီးနှံ ရာသီကာလ ကွင်းပိတ်တော့မည်ဖြစ်၍ လျာထားချက်ပြည့်မီရေး သက်ဆိုင်ရာရှေ့တန်းစခန်းအလိုက် ကြီးကြပ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အချို့ဒေသများတွင် ရေရရှိပြီး နွေစပါးနှင့် နွေသီးနှံ စိုက်ပျိုးမှုမရှိသည်ကို ကွင်းဆင်းစိစစ်တွေ့ရှိရကြောင်း၊ ၎င်းနေရာများကို သက်ဆိုင်ရာရှေ့တန်းစခန်းအဖွဲ့များမှ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်၍ ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် ဆည်မြောင်းများ၏ ရေပေးမြောင်းများ ထိခိုက်ပျက်စီးခဲ့မှုအပေါ် အချိန်မီပြုပြင်၍ စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်ပေးထားပြီးဖြစ်၍ လျာထားချက်အတိုင်း စိုက်ပျိုးစေရေး ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ရေရရှိပြီး စိုက်ပျိုးမှုမရှိသော တောင်သူများအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က ဆီထွက်သီးနှံ (နွေနှမ်း) စိုက်ပျိုးရာတွင် ရာသီချိန်နောက်ကျ၍ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးသင့်ကြောင်း၊ ဆီထွက်သီးနှံ (နွေနှမ်း) စိုက်ပျိုးရန် အခက်အခဲရှိပါက ပဲတီစိမ်းစိုက်ပျိုးနိုင်ကြောင်း၊ ရေရရှိပြီး နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးမှုမရှိသော ဒေသများတွင် အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ရှေ့တန်းစခန်းအဖွဲ့များမှ တွန်းအားပေးကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆည်၊ ကန်အလိုက် ရေပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

လယ်ဝေးမြို့နယ် စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်ကော်မတီအနေဖြင့် လယ်ဝေးမြို့နယ်အတွင်း နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးမှု လျာထားပြည့်မီရေးနှင့် တစ်ဧကသီးနှံစိုက်စွမ်းအားတိုးတက်မြင့်မားရေးအတွက် ဌာနဆိုင်ရာများ၊ ရှေ့တန်းစခန်းအဖွဲ့များ၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ တောင်သူများအား စဉ်ဆက်မပြတ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)




## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးနှင့် စုပေါင်းသွေးလှူဒါန်း

**မကွေး မေ ၂**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၄၀ဦးတို့သည် ဖန်ခါးမြေ ဘိုးဘွားရိပ်သာတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ဘိုးဘွားများအား အာဟာရဒါနကျွေးမွေးခြင်း၊ မကွေးပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်အားပေးကြပြီး သွေးလှူဒါန်းကြသော သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အားဖြည့်ရိက္ခာလေးမျိုးနှင့် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)**

**ဝင်းအိမ့်မွန်(ပြန်/ဆက်)**

၀-၀-၀-၀

၀-၀-၀-၀-၀-၀-၀

## ရုရှားဈေးကွက်သို့ စိန်တလုံးသရက်သီးများတင်ပို့ရန် ပြည်တွင်းမှ ကုမ္ပဏီများက အရည်အသွေးကောင်း သရက်သီးရရှိရေး ပြင်ဆင်နေ

**မန္တလေး မေ ၂**

မြန်မာ့စိန်တလုံးသရက်သီးများကို ရုရှားဈေးကွက်သို့ တင်ပို့မည့် ပြည်တွင်းမှ ကုမ္ပဏီများက သရက်ခြံများသို့ ကွင်းဆင်းကာ အရည်အသွေးကောင်းသရက်သီးများ ဝယ်ယူရရှိရေးအတွက် ပြင်ဆင်နေကြကြောင်း မြန်မာနိုင်ငံသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။

ရုရှား-မြန်မာစီးပွားရေးကောင်စီနှင့် အဖွဲ့ဝင်ကုမ္ပဏီများက ယခုနှစ်မှစတင်၍ မြန်မာနိုင်ငံမှ လတ်ဆတ်သော သရက်သီးနှင့် သရက်သီးခြောက်များ ဝယ်ယူသွားမည်ဖြစ်ရာ ရုရှားဈေးကွက်သို့ တင်ပို့မည့်လုပ်ငန်း၊ ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

"ဒီနှစ်မှာ ရုရှားက မြန်မာ့သရက်သီးနှင့် သရက်ခြောက်ကို ရသလောက်ဝယ်မယ့် အနေအထားရှိတော့ တိုက်ရိုက်တင်ပို့နိုင်လို့ရမယ့် ဈေးကွက်သစ်တစ်ခုလို့ ပြောရမယ်။တင်ပို့မယ့် Exporter တွေ၊ ကုမ္ပဏီတွေက ပြင်ဆင်တဲ့အနေနဲ့ အရည်အသွေးကောင်းသရက်သီးဝယ်ဖို့ခြံတွေကို ကွင်းဆင်းနေကြပြီ။ ဘယ်ခြံက အရည်အသွေးကောင်းတယ်၊ မကောင်းဘူး။ ဘယ်ခြံတွေမှာရနိုင်မလဲ၊ ဘယ်အချိန်များများရနိုင်မလဲဆိုတာတွေ အချက်အလက်ကောက်ပြီး အဲ့ဒီခြံတွေမှာ သရက်သီးဘယ်လောက်ပမာဏဝယ်မယ်ဆိုတာ အော်ဒါပေးမယ်။ သိသလောက်ဆိုရင် ရုရှားကို သရက်တင်ပို့ဖို့ကုမ္ပဏီသုံးခုလောက်က ပြင်ဆင်နေတယ်လို့ သိရတယ်" ဟု ၎င်းကပြောသည်။

လက်ရှိတွင် စိန်တလုံးသရက်သီးမှာ ပေါ်ဦးပေါ်ဖျားအချိန်ဖြစ်၍ ဈေးကောင်းရရှိနေပြီး ရုရှားသို့ သရက်သီးများတင်ပို့ရန် ပြင်ဆင်နေကြသည့်ကုမ္ပဏီများသည် သရက်သီးလှိုင်လှိုင်ပေါ်ချိန်တွင် သရက်ခြံများသို့ ကွင်းဆင်းကာ အရည်အသွေးကောင်းသရက်သီးဝယ်ယူရရှိနိုင်ရေးနှင့် ဈေးနှုန်းညှိနှိုင်းခြင်းတို့ လုပ်ဆောင်နေကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**



## ဘုန်းတော်ကြီးကျောင်းများသို့ သောက်သုံးရေလှူဒါန်း

**ကျောက်ပန်းတောင်း မေ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ သောက်သုံးရေလိုအပ်ချက်ရှိသည့် ဘုန်းတော်ကြီးကျောင်းများအား သောက်သုံးရေလှူဒါန်းခြင်းကို ဧပြီ ၃၀ရက် ညနေ ၄ နာရီက သီရိမင်္ဂလာရပ်ကွက်ရှိ ထိန်ကန်အရှေ့ဘုန်းတော်ကြီးကျောင်းနှင့် ထိန်ကန်အနောက်ဘုန်းတော်ကြီးကျောင်းတို့တွင် သွားရောက်လှူဒါန်းပေးခဲ့သည်။ **(ယာပုံ)**

မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်နှင့် ဝန်ထမ်းများသည် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သောက်သုံးရေလိုအပ်ချက်ရှိသည့် ထိန်ကန်အရှေ့နှင့် ထိန်ကန်အနောက်ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းသို့ ရေသယ်ယာဉ်သုံးစီးဖြင့် သောက်သုံးရေဂါလန် ၄၈၀၀နှင့် ဝတ္ထုငွေငါးသောင်းကျပ်တို့ကို သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(၄၅၆)**



## ချမ်းမြသာစည်မြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် သံဃာတော်များ၊ သီလရှင်များအား ဆေးကုသမှု ဆောင်ရွက်ပေးမည်

**မန္တလေး မေ ၂**

၂၈-၃-၂၀၂၅ ရက်တွင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ကန်တော်ကြီးကန်ပတ်လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၏ ဆေးကုသပေးမှုစက်ကိရိယာများ၊ အဆောက်အအုံနှင့် လမ်းများ ပျက်စီးခဲ့သဖြင့် ဆေးကုသစောင့်ရှောက်မှုလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းထားခဲ့ရသည်။

ယခုအခါ ပျက်စီးမှုများကို ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ခုနှစ်၊ မေလ ၅ရက်မှ စတင်၍ သံဃာတော်များ၊ သီလရှင်များအား ဆေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ပျက်စီးနေသောအဆောက်အအုံများ၊ ရေလိုင်း၊ မီလ္လာပိုက်လိုင်းများပြုပြင်ခြင်းအတွက် ပါဝင်လှူဒါန်းလိုသောအလှူရှင်များအနေဖြင့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ဖုန်း ၀၉-၄၀၂၆၂၃၂၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။**

## သားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျဲဆည်ကန်ရပ်၊ ၇၁လမ်း၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားနေ(ရွှေထုံး-ကွမ်းစားထုံး ရောင်းဝယ်ရေးလုပ်ငန်း)၊ ဦးဇော်မင်းဦး(ဘ)ဦးသိန်းလှ(၁၂/ကမတ(နိုင်)၀၅၉၉၂၃)နှင့် ဒေါ်ဥမ္မာမျိုး(ဘ)ဦးစန်းဝေ(၁၂/မရက(နိုင်)၁၂၂၆၅၁)ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်များ၏ သားဖြစ်သူ မောင်ပြည့်ဖြိုးသူ(ခ)ဘိုအောင်မင်း(ဘ)ဦးဇော်မင်းဦး(၉/မဟမ(နိုင်)၀၇၆၀၉၈)ကိုင်ဆောင်သူသည် မိဘများ၏ဆိုဆုံးမမှုများကို နားထောင်ခြင်းမပြုသည့်အပြင် အမြဲတစေ မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲစေသည့် အပြုအမူများ၊ ငွေကြေးအရှုပ်အရှင်းများ၊ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ မိဘများလက်ရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရန်ကိုလည်း အသိပေးတားမြစ်အပ်ပါသည်။ ပြုလုပ်ခဲ့ပါက ပြုလုပ်သူနှင့် လက်ခံသူများအား တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မောင်ပြည့်ဖြိုးသူ(ခ)ဘိုအောင်မင်းအား သားအဖြစ် အသိအမှတ်မပြုဘဲ သားအဖြစ်မှ အပြီးအပြတ် စွန့်လွှတ်ပြီးဖြစ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ငွေရေးကြေးရေး၊ လူမှုရေးကိစ္စအဝဝကိုလည်း(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်းမပြုပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးတင်မျိုးအောင် (LL.B,D.B.L,D.I.L)**

**တရားလွှတ်တော်ရှေ့နေ**

၁၀၁လမ်း(သိပ္ပံလမ်း)၊ ၆၇လမ်းနှင့် ၆၇(အေ)လမ်းကြား၊ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၄၄၄၀၂၅၇၆၆၊ ၀၉-၉၆၄၀၂၅၇၆၆

## အမည်ပြောင်း

(ဘ)ဦးဟန်ဇေယျာလင်း(၅/မရန(နိုင်)၂၀၅၂၃၆)ကိုင်ဆောင်သူ၏သား၊ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ Professor Private School ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade(4) တွင် တက်ရောက်မည့် မောင်ဒီပါလင်းအောင်အား မောင်တေဇဘုန်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်တေဇဘုန်းအောင်**

## ပြည်လုံးချမ်းသာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ မိဘမဲ့ကျောင်း (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖိတ်ကြားလွှာ

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်း၊ ရဲဘော်ကွက်သစ်ရပ်ကွက်၊ နိုင်ငံတော်အသိအမှတ်ပြု "ပြည်လုံးချမ်းသာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ မိဘမဲ့ကျောင်း "ကို သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တသုမင်္ဂလ(မွှာစရိယ B.A)ပရဟိတဆရာတော်က (၉-၅-၂၀၀၀)ခုနှစ်မှ ယနေ့အထိ နှစ်ပေါင်း (၂၅)နှစ်တိုင်တိုင် လူငယ်များ၏ဘဝတိုးတက်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

သို့ဖြစ်ပါ၍ ကျောင်းတော်ကြီးတည်ထောင်ခြင်း (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ဂုဏ်ပြုပွဲကျင်းပခြင်းနှင့် သံဃာတော်အရှင်မြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ရာ မိတ်ဆွေသင်္ဂဟများ၊ ကုသိုလ်ရှင်၊ စေတနာရှင်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**မင်္ဂလာနေ့ရက်** – ၁၃၈၇ခု၊ ကဆုန်လဆန်း(၁၃)ရက်၊ (၉-၅-၂၀၂၅)ရက်၊ သောကြာနေ့။

**မင်္ဂလာအချိန်** – နံနက်(၉)နာရီမှ (၁၁)နာရီအထိ။

**မင်္ဂလာဌာန** –ပြည်လုံးချမ်းသာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမိဘမဲ့ကျောင်းဝင်းအတွင်းသို့။

❖ သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်ရမည်ဟူသည့် စိတ်မွေး၍ ဆောင်ရွက်ကြရန် ...

❖ အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန် ၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အပြာရောင်အဆင့်သတ်မှတ်ထားသည့် အပျိုဆောင်များ၌ ဝန်ထမ်းများပြန်လည်နေထိုင်နေမှုအခြေအနေ ကြည့်ရှုစစ်ဆေးအားပေး

နေပြည်တော် မေ ၂

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအဆောင်များအနက် အပြာရောင်အဆင့် သတ်မှတ်ထားသည့် အပျိုဆောင်များ၌ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ ပြန်လည် နေထိုင်လျက်ရှိသည့် အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

### အခြေအနေများမေးမြန်း

ဦးစွာ ငလျင်ဒဏ်ခံရသော်လည်း ထိခိုက်ပျက်စီးမှုနည်းပါးပြီး ပြန်လည်နေထိုင်နိုင်သည့်အတွက် အပြာရောင်အဆင့် သတ်မှတ်ထားသော ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်အတွင်းရှိ သဇင်(၇)နှင့် သဇင်(၁) အပျိုဆောင်တို့၌ ပြန်လည်နေထိုင်လျက်ရှိသည့် ဝန်ထမ်းများအား တွေ့ဆုံ၍ ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ထိခိုက်ခဲ့မှု၊ ဝန်ထမ်းများ ပြန်လည်နေထိုင်လျက်ရှိမှုနှင့် နေထိုင်စားသောက်မှု၊ လျှပ်စစ်မီးနှင့်ရေပြန်လည်ရရှိမှု အခြေအနေများကို မေးမြန်းသည်။

### လိုအပ်သည်များဖြည့်ဆည်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်သင့်ဒေသများရှိ အပျက်အစီးများကို နိုင်ငံတော်က ဖယ်ရှားရှင်းလင်းပေးနေမှု၊ နိုင်ငံတကာနှင့်ပြည်တွင်းအဖွဲ့အစည်းများ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကူညီထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး လက်ရှိအချိန်တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ နိုင်ငံ့ဝန်ထမ်းများအတွက်လည်း



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အပြာရောင်အဆင့် သတ်မှတ်ထားသော သဇင်(၁)အပျိုဆောင်၌ ပြန်လည်နေထိုင်လျက်ရှိသည့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

နိုင်ငံတော်က လိုအပ်သည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးနေမှု၊ ငလျင်နှင့် ပတ်သက်သည့် သတင်းတု၊ သတင်းမှားများကို ရှောင်ရှား၍ သတင်းမှန်များကို စောင့်ကြည့်လိုက်နာဆောင်ရွက်စေလိုမှု၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် တစ်ဦးနှင့် တစ်ဦး ဖေးမ ကူညီကာ အသိ၊ သတိတို့ဖြင့် ဂရုပြုနေထိုင်ကြရန် လိုအပ်မှုနှင့် မိမိတို့၏ လုပ်ငန်း တာဝန်များကိုလည်း တာဝန်သိစိတ်၊ တာဝန်ယူစိတ်ဖြင့် ကြိုးပမ်းထမ်းဆောင်ကြစေလိုမှု အခြေအနေများကို အားပေးတိုက်တွန်းပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

သတင်းစဉ်

## အိမ်ကွင်းတွင် မြဝတီအမျိုးသမီးအသင်းအား ဂိုးဒါဇင်ဝက်သွင်းကာ အနိုင်ယူခဲ့သည့် ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်း



**ရန်ကုန် မေ ၂**

ယနေ့ Myanmar Women League ပွဲစဉ်(၃)အဖြစ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ ရန်ကုန်ယူနိုက်တက်အသင်းက ၆ ဂိုး၊ ၀ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းမှ လျင်လျင်မြန်မြန် ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ပြီး ပွဲချိန်(၉)မိနစ်တွင် တိုက်စစ်ကစားသမား ဇင်မိုးပြည့်က ရရှိလာသော အလွတ်တည်ကန်ဘောမှတစ်ဆင့် ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းမှ အဖွင့်ဂိုး စတင်ရရှိခဲ့သည်။ ပထမဂိုးရရှိပြီး သိပ်မကြာခင် ပွဲချိန်(၁၉)မိနစ်တွင် ရန်ကုန်ယူနိုက်တက်အသင်းမှ ဒုတိယဦးဆောင်ဂိုး ထပ်မံရရှိခဲ့ပြီး ယွန်းဝတီလှိုင်၏ တစ်ကိုယ်တော်ထိုးဖောက်မှုဖြင့် ဧရိယာထဲ ကန်သွင်းအဆုံးသတ်နိုင်ခဲ့သည်။ ထို့နောက် ရန်ကုန်ယူနိုက်တက်အသင်းဘက်မှ တိုက်စစ်အားမချဘဲ ဦးဆောင်ဂိုးများ ထပ်မံရရှိရန် ကစားခဲ့ပြီး ပွဲချိန်(၃၃)မိနစ်တွင် ဒေစီအောင်က

စာမျက်နှာ ၄ သို့ ✡